ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့၊ (19-1-2004)(၄၁၂၀)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်ကျောင်းတိုက် ကျောင်းတိုက်တည်(၄၅)နှစ်ပြည့်အထိမ်းအမှတ် ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန်　　ဇန်နဝါရီ　　၁၈

မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်ကျောင်းတိုက် ကျောင်းတိုက်တည်(၄၅)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရှိ အဆိုပါကျောင်းတိုက် မနောရမ္မဂန္ဓကုဋ္ဌာသယကျောင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စာအောင်သံဃာတော်များအား ဂုဏ်ပြုဘွဲ့လက်မှတ်များနှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ ဖြစ်တော်မူကြသည့် တွဲဖက်ရွှေကျင်သာသနာပိုင် ဗဟန်း သီရိမင်္ဂလာစံကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တရာဇိန္ဒာဘိဝံသနှင့် တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်များ၊ တိပိဋကဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)နှင့် နာယကဆရာတော်များ၊ စာချဆရာတော်များ၊ စာအောင်သံဃာတော်များ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ကျောင်းတိုက်တည်(၄၅) နှစ်ပြည့်အထိမ်းအမှတ် ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ရွှေကျင် တွဲဖက်သာသနာပိုင် ဆရာတော် ဗဟန်းသီရိမင်္ဂလာစံကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်ကြီးများအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန်　　ဇန်နဝါရီ　　၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်သို့ သွားရောက်၍ (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစား ပြုပြင်မွမ်းမံနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၁-၂၀၀၄
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိ တနင်္သာရီတိုင်း ထားဝယ်၊ ကော့သောင်းနှင့် မြိတ်ဒေသများအတွင်း လှည့်လည်သွားရောက်၍ တနင်္သာရီတိုင်းဒေသတစ်ခုလုံး ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရကဦးစီးဦးဆောင်ပြု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခရီးစဉ်အတွင်း ဇန်နဝါရီလ ၁၃ ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **ယခုအချိန်အခါတွင် နိုင်ငံတော်အစိုးရက မြိတ်၊ ထားဝယ်၊ ကော့သောင်းဒေသများအပါအဝင် တနင်္သာရီတိုင်းတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးကိုလည်း အဓိကအထောက်အကူပြုနိုင်သည့်ဒေသတစ်ခုအဖြစ် ဆက်လက်ဖြစ်ထွန်းနေစေရအောင် ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုပါ အားပေးဆောင်ရွက်ရင်း လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အင်တိုက်အားတိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း** ပြောကြားသွားသည်။

တနင်္သာရီတိုင်းသည် သယံဇာတပေါများကြွယ်ဝပြီး ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကိုများစွာ အထောက်အကူပြုနိုင်ခဲ့သောဒေသတစ်ခုဖြစ်သည်။ ရေလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများအပြင် ယနေ့အချိန်အခါတွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းနေသဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

တနင်္သာရီတိုင်းတွင် ပုဂ္ဂလိကကဏ္ဍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်ကအားပေးပံ့ပိုးပေးလျက်ရှိနေပြီး ဆီအုန်းဧက ငါးသိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေရာ ယနေ့အထိ ဆီအုန်း ၁၁၁၀၉၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ လာမည့်နှစ် များတွင် လူတစ်ကိုယ် ဆီအုန်းတစ်ပင်စိုက်ပျိုးရေး၊ ကျေးရွာများတွင် တစ်အုပ်တစ်မစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆီအုန်း ၁၈၅၇၇ ဧက စိုက်ပျိုးရန် လျာထားသည်။

ထို့အတူ သားငါးထုတ်လုပ်မှုကဏ္ဍတွင် ၂၀၀၃-၂၀၀၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ ငါး၊ ပုစွန် စုစုပေါင်းကုန်ချိန် ၄၁၂၀၈ ဒသမ ၆၃ တန် ထုတ်လုပ်နိုင်ခဲ့ပြီး အမျိုးသားဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၉ သန်း၊ ယူရိုငွေ ၂ ဒသမ ၅၈ သန်း၊ နိုင်ငံတော်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ သန်း၊ ယူရိုငွေ သုည ဒသမ ၂၆ သန်းရရှိခဲ့သည်။

ယင်းကဲ့သို့ စီးပွားရေးအခြေခံကောင်းများရှိနေသည့် တနင်္သာရီတိုင်းတွင် ထားဝယ်ခရိုင်အတွင်း၌ ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရန်ရည်မှန်းထားရာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာပါက အနောက်ဥရောပနှင့် တောင်အာရှဒေသများမှ လာရောက်သည့် ကုန်တင်သင်္ဘောများမှ ကုန်စည်များသည် ထားဝယ်ဒေသကိုဖြတ်သန်းပြီး ထိုင်းနိုင်ငံသို့ပို့ဆောင်နိုင်မည့်အခြေအနေ ဖြစ်ပေါ်လာမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဦးစီးဦးဆောင်ပြု အကောင်အထည်ဖော်နေသည့် တနင်္သာရီတိုင်း ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

လူငယ်သင်တန်းကျောင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိကြသော အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အလှူငွေများလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ အောင်ပွဲရအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အလှူရှင်များနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများ အတွက် ရွှေပုစွန်မိသားစုက အလှူငွေကျပ် ၁၅သိန်း၊ ဦးတင်လှနှင့်ဇနီး သီရိသုမေ့ သိင်္ဂ ဒေါ်အေးအေးကြည်တို့က အလှူငွေကျပ် ၃၅သိန်း၊ Ruby Dragon Jade and Gems Co., Ltd. မှ ဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့်မိသားစုက အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး အောင်ပွဲရ မသန်စွမ်းအားကစားသမားများအတွက် ဦးမြစိုး(ဒို့ရွှေပြည်ဆောက်လုပ်ရေး)က အလှူငွေကျပ်တစ်သိန်း၊ AAR (Japan)က အလှူငွေကျပ်ငါးသောင်း၊ မဏ္ဍိုင်ဒီဇယ်ပန့်နှင့် နော်ဇယ်ပြုပြင်ရေးက အလှူငွေကျပ်ငါးသောင်း၊ ဦးခိုင်ထွန်းလွင် (Delta Combine Co., Ltd.)က အလှူငွေကျပ်ငါးသောင်း၊ ဦးကြည်သိန်း (Fudak Co.)က အလှူငွေကျပ်ငါးသောင်း၊ Hyphens Association က အလှူငွေကျပ်သုံးသောင်းနှင့် ဦးမြင့်သန်း(ကန်ထရိုက်တာ)က အလှူငွေကျပ်ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့ကြသော အားကစားသမားများ ကိုယ်စား ဦးမြခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင်မီတာ ၂၀၀၊ မီတာ ၁၀၀နှင့် မီတာ ၅၀ ရင်ပေါင်တန်း ရေကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုသုံးခု ဆွတ်ခူးရရှိခဲ့သောဦးမြခိုင် (လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်)၊ အမျိုးသမီးလုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော ဒေါ်ညွန့်ညွန့်ဝင်း (မသန်စွမ်း သက်ကြီးသင်တန်းကျောင်း)နှင့် မျက်မမြင်မီတာ ၁၀၀ပြေးပွဲတွင် ငွေတံဆိပ်ရရှိခဲ့သော ဦးအောင်လွင်ဦး (ကြည့်မြင်တိုင် မျက်မမြင်ကျောင်း)တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

ဂုဏ်ပြုဆု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြသောလူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းအားကစားသမားများအားဂုဏ်ပြုဆုချီးမြှင့်စဉ်။
(လူမှုဝန်ထမ်း)

ဘိလိယက်စင်တာများ မှတ်ပုံတင်ရန်နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၈

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် စံချိန်စံညွှန်းကိုက်ညီသည့် ကစားခုံများနှင့် နိုင်ငံတကာအဆင့်မီ ဘိလိယက်ခုံများအတွက် ဘိလိယက်အသင်း အသိအမှတ်ပြုလွှာများကို စိစစ်ထုတ်ပေးလျက်ရှိသည်။

အသိအမှတ်ပြုလွှာ မပြုလုပ်ရသေးသော ဘိလိယက်စင်တာများနှင့် ဘိလိယက် ခုံပိုင်ရှင်များသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တွင် မှတ်ပုံတင်ရန်နှင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးသော ဘိလိယက်စင်တာများနှင့် အားကစားအသင်းများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ လာရောက်၍ သက်တမ်းတိုးမြှင့်ရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

မြန်မာ နိုင်ငံ ဘိလိယက် နှင့် စနူကာ အဖွဲ့ချုပ် နှင့် Fantasy World ကလပ် တို့ ပူးပေါင်း ကျင်း ပ သော အကြီးတန်း နှင့် အ ငယ် တန်း တစ် ဦး ချင်း ဖလား စနူကာ ပြိုင်ပွဲကို သိမ်ကြီးဈေး အပေါ်ထပ် Fantasy World က လပ် တွင် ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဘိလိယက်ထိုး၍ ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

နိုင်ငံခြားသတင်းများ

ဘဂ္ဂဒက်မြို့ မြောက်ဘက်၌ ပြင်းထန်သည့် လမ်းဘေးဗုံး ပေါက်ကွဲ အမေရိကန် အမှတ်(၄)ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံတွင် စနေနေ့ နံနက်စောစောပိုင်းက ပြင်းထန်သည့် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် အမှတ်(၄)ခြေလျင်တပ်မမှ အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ငါးဦး သေဆုံးသွားကြောင်း သိရှိရသည်။

အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲ

အမေရိကန်တို့၏ ဘရက်ဒလေသံချပ်ကာယာဉ်သည် တီကရစ်မြို့မှ ဘဂ္ဂဒက်မြို့သို့ မောင်းနှင်သွားစဉ် ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၃၀ မှ ၄၀ ခန့် ကွာဝေးသည့် တာဂျီမြို့ အပြင်ဘက်တွင် လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲလိုက်ခြင်းဖြစ်ပြီး ပေါက်ကွဲမှုပြင်းထန်လွန်းခြင်းကြောင့် သံချပ်ကာအမိုး ပွင့်ထွက်ပေါက်ကွဲသွားကာ ၎င်းယာဉ်ပေါ်လိုက်ပါလာသူ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ တိုက်ခိုက်ခံရမှုသည် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးကတည်းက အမေရိကန်တပ်ဖွဲ့ဝင် အများအပြား ဆုံးရှုံးရသည့် တိုက်ခိုက်ခံရမှုတစ်ရပ်ဖြစ်ကြောင်း၊ ယခုအခါ လွန်ခဲ့သည့်နှစ် မတ်လမှ စတင်ပြီး သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

လိုက်လံရှာဖွေ

အခင်းဖြစ်ပွားခဲ့ရာ နေရာအနီးတွင် ဖောက်ခွဲရေးပစ္စည်းများ သို့မဟုတ် လမ်းဘေးဗုံးများ တင်ဆောင်ထားသည့် အဖြူရောင်ထရပ်ကားတစ်စီး ရှိနေခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားခဲ့ပြီး ၎င်းထရပ်ကားကို လိုက်လံရှာဖွေလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

ဗုံးပေါက်ကွဲ

ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက် မြို့လယ်တွင် ဗုံးတစ်လုံး ပေါက်ကွဲသည့် နေရာတစ်ဝိုက်တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

ဘာဆရာ ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆရာမြို့ လမ်းမများပေါ်၌ အီရတ်ပြည်သူ ထောင်ပေါင်းများစွာ စုဝေး၍ အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်ဆန္ဒပြခဲ့ကြောင်း သိရသည်။

အမေရိကန် အလိုမရှိ၊ နိုင်ငံအတွင်းမှ အမြန်ဆုံး ထွက်ခွာသွားကြဆိုသည့် ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြောင်း၊ ရှီးယား ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီအယ်စစ္စတာနီ၏ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး တောင်းဆိုခြင်းကို ဆန္ဒပြသူများက ထောက်ခံကြကြောင်း သိရသည်။

အချိန်မဟုတ်

ယင်းတောင်းဆိုချက်အတိုင်း အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရမည့် အချိန်မဟုတ်ကြောင်း၊ ယခု နှစ်လယ်တွင် အီရတ်ကြားဖြတ်အစိုးရထံ အာဏာလွှဲပြောင်းပေးမည်ဖြစ်ကြောင်း အမေရိကန်နှင့် အပေါင်းပါတို့က ပြောကြားလျက်ရှိသည်။

လိုအပ်နေ

အမေရိကန်တို့၏ လုပ်ရပ်သည် နည်းလမ်းကျသော ရွေးကောက်ပွဲ မဟုတ်ကြောင်း၊ ကုလသမဂ္ဂက ပါဝင်ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ရှီးယား ထိပ်တန်းခေါင်းဆောင်က ပြောကြားလိုက်သည်။

အလုပ်အကိုင်ရရှိရေး

အာဏာလွှဲပြောင်းပေးရေးကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပွားနိုင်ပြီး လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းကလည်း နိုင်ငံတောင်ပိုင်း ရှီးယားအများစု နေထိုင်ရာဒေသများတွင် အလုပ်အကိုင် ရရှိရေးအတွက် ဆန္ဒပြခဲ့ကြသည်။

ကျင်းပရန်ရှိ

ကုလသမဂ္ဂမှ တာဝန်ရှိသူများ အပါအဝင် အမေရိကန်နှင့် အပေါင်းပါခေါင်းဆောင်များနှင့် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များ ပါဝင်သည့် အစည်းအဝေးတစ်ရပ်ကို လာမည့် ဇန်နဝါရီ ၁၉ ရက်တွင် နယူးယောက်မြို့၌ ကျင်းပရန်ရှိကြောင်း စီအင်န်အင်န် သတင်းဌာနမှ ဖော်ပြသွားသည်။

စီအင်န်အင်န်။

အာဏာလွှဲပြောင်းပေးရေး အမေရိကန်၏အစီအစဉ် ဆန့်ကျင်ရန် အီရတ်လူမျိုးထောင်နှင့်ချီ၍ နာဂျက်ဖ်မြို့သို့ စုရုံးရောက်ရှိ

နာဂျက်ဖ်(အီရတ်) ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်က လူမျိုးစုခေါင်းဆောင်များနှင့် အီရတ်ပြည်သူလူထုအား အာဏာလွှဲပြောင်းပေးရေးဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်ကို ဆန့်ကျင်ရန်အတွက် ညှိနှိုင်းဆွေးနွေးကြစဉ် အီရတ်ပြည်သူ၊ပြည်သား ထောင်ချီ၍ ရှီးယားမွတ်စလင်များ၏ အချက်အချာဒေသဖြစ်သည့် နာဂျက်ဖ်မြို့သို့ သောကြာနေ့က စုရုံးရောက်ရှိလာကြသည်။

နာဂျက်ဖ်ရှိ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများမှာ ပုံမှန်ထက်များပြားကြောင်း ဒေသခံများက ပြောကြားကြပြီး ယင်းတက်ရောက်မှုက အယာတိုလာအလီအယ်စစ္စတာနီအား ထောက်ခံမှု ပိုမိုများလာကြောင်းနှင့် အီရတ်နိုင်ငံမှ အမေရိကန် ကျူးကျော်သိမ်းပိုက်ရေးသမားများအား ဖယ်ရှားရန်နှင့် ပြည်သူတင်မြှောက်သည့် ရွေးကောက်ပွဲ ကျင်းပရန် တောင်းဆိုချက်ကို ထောက်ခံကြသည့် လက္ခဏာတစ်ရပ်ကို ဖော်ပြလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံရှိ အမေရိကန် အုပ်ချုပ်ရေးမှူးက အီရတ်ပြည်သူလူထုအား အာဏာအပ်နှင်းရန် ဇွန် ၃၀ ရက် သတ်မှတ်ချက်မတိုင်မီ ရွေးကောက်ပွဲ ကျင်းပရန် မလွယ်ကြောင်း ပြောကြားပြီး ဒေသဆိုင်ရာ သီးသန့်အစည်းအဝေးများက ကျင်းပသည့် အစိုးရနှင့် ရွေးကောက်ပွဲကို လာမည့်နှစ်တွင် ကျင်းပရန် အဆိုပြုခဲ့သည်။

တွေ့ဆုံမည်

အီရတ်နိုင်ငံရှိ ထိပ်တန်းအမေရိကန်ကိုယ်စားလှယ် ပေါလ်ဘရီမာက ယင်းကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်အတွက် သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်နှင့် ဝါရှင်တန်၌ သောကြာနေ့တွင် တွေ့ဆုံမည်ဖြစ်သည်။

စစ္စတာနီက အီရတ်နိုင်ငံတစ်ဝန်းရှိ လူမျိုးစုခေါင်းဆောင်များနှင့် အာဏာလွှဲပြောင်းပေးရေးကိစ္စ ညှိနှိုင်းရန်အတွက် ညှိနှိုင်းနေကြောင်း ပြောကြားသည်။

မိမိတို့သည် စစ္စတာနီ မည်သည့်ကိစ္စ လုပ်စေကာမူ စစ္စတာနီ၏ဘက်မှ ရှိနေကြောင်း၊ ၎င်း၏တောင်းဆိုချက်များကို သဘောတူညီကြောင်း အဝတ်အထည်ရောင်းသူ လူငယ်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဒေသတည်ငြိမ်ရေး ဆက်လက်ထိန်းသိမ်းထားရန် နယ်စပ်ဖွံ့ဖြိုးရေး ထိုင်းနှင့် မလေးရှား ဆောင်ရွက်မည်

ဗန်ကောက် ဇန်နဝါရီ ၁၇

ထိုင်းနှင့် မလေးရှားနိုင်ငံတို့က ဒေသ၏တည်ငြိမ်ရေး ဆက်လက်ထိန်းသိမ်းထားရန်အတွက် နှစ်နိုင်ငံ နယ်စပ်ဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ထားကြကြောင်းဖြင့် ထိုင်းဝန်ကြီးချုပ်သက်ဆင်နှင့် ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီတို့က သောကြာနေ့တွင် ဗန်ကောက်၌ ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံ၏ ဆက်ဆံရေးကို နက်နက်ရှိုင်းရှိုင်း တိုးချဲ့လိုက်ပြီး အထူးသဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုစေရန် ပိုမိုဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လုံခြုံရေးစောင့်ကြပ်

ဇန်နဝါရီ၁၆ ရက်က ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် အဝေးထိန်းစနစ်ဖြင့်ဗုံးဖောက်ခွဲသဖြင့် လူအမြောက်အမြား ဒဏ်ရာရ
အီရတ်ခုခံတိုက်ခိုက်ရေးသမားများက နည်းဗျူဟာအသစ်ကို စတင်အသုံးပြုလာဟန်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ယမန်နေ့က လမ်းဘေးကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူအမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ခရစ္စမတ်ကာလမှ နှစ်သစ်ပထမ နှစ်ပတ်ခန့်ထိ ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှု မရှိခဲ့ဘဲ ငြိမ်သက်နေရာမှ ယမန်နေ့က ပထမဆုံးအကြိမ်အဖြစ် လူစည်ကားရာနေရာ၌ လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ပစ်ချခံရ

အဆိုပါကာလအတွင်း ဘဂ္ဂဒက်အပြင်ဘက်နယ်မြေများတွင် အမေရိကန်ရဟတ်ယာဉ် ပစ်ချခံရမှုများ ဖြစ်ပွားခဲ့သည်။

ဖောက်ခွဲ

လမ်းဘေးဗုံး တွေ့ရှိကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးသည့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး အနီး၌ ရှိနေစဉ် အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုကြောင့် အနီးပတ်ဝန်းကျင်ရှိ စကားပြန်တစ်ဦးနှင့် ကလေးငယ်သုံးဦး ဒဏ်ရာရရှိသွားကာ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

စိုးရိမ်

အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး စစ်ဆေးမှုပြုလုပ်နေကြောင်းနှင့် ယခုကဲ့သို့ဖြစ်ရပ်များ ဆက်လက် ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသည်။

ယခုကဲ့သို့ အဝေးထိန်းကိရိယာဖြင့် ဗုံးဖောက်ခွဲမှုများကို ယခင်က မတွေ့ကြုံဖူးကြောင်း၊ နည်းဗျူဟာအသစ်ကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက စတင်သုံးစွဲလာခြင်းဖြစ်ဟန်တူကြောင်း ပြောကြားနေကြကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

ဝင်ရောက်ရှာဖွေ

ဇန်နဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့အနီး နေအိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေရန် ပြင်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်၌ အာဏာလွှဲပေးမည့် အစီအစဉ်တွင် ကုလသမဂ္ဂ အခန်းကဏ္ဍပါဝင်ရန် အီရတ်ပြည်သူတို့ လိုလား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

အီရတ်တို့ထံသို့ အမေရိကန်တို့က အာဏာလွှဲပြောင်းပေးမည့် လုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍပါဝင်ရန် အီရတ်ပြည်သူတို့က လိုလားလျက် ရှိသည်။

ယုံကြည်

အီရတ်အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်များ၊ ရိုးယား ခေါင်းဆောင် အယ်စ္စတာနီနှင့် ပြည်သူအများစုက ကုလသမဂ္ဂ ပါဝင်မှသာ ကျူးကျော်သူ အမေရိကန်တို့၏ အသွင်ကူးပြောင်းရေး အစိုးရထံ အာဏာ လွှဲပြောင်းရေးလုပ်ငန်းစဉ်သည် မှန်ကန်ရှင်းလင်းမှု ရှိနိုင်မည်ဟု ယုံကြည်ထားကြသည်။

မရပ်တည်လို

ကုလသမဂ္ဂ အနေဖြင့်လည်း အီရတ်အရေးကိစ္စတွင် ၎င်းတို့၏ အခန်းကဏ္ဍကို တိကျစွာ ဖော်ပြစေလိုပြီး အမေရိကန်တို့ လုပ်သမျှကို ထောက်ခံပေးရမည့် အနေအထားတွင် မရပ်တည်လိုကြောင်း ရှင်းလင်းစွာ ဖော်ပြထားပြီးဖြစ်သည်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးကို ဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးကတည်းက ကုလသမဂ္ဂ ဝန်ထမ်းများအား အီရတ်မှ ထွက်ခွာစေခဲ့ကာ ယခု ရွေးကောက်ပွဲ ပြီးစီးအဖွဲ့ တစ်ဖွဲ့စေလွှတ်ရန် ရှိသော်လည်း လုံခြုံရေးအခြေအနေ တိုးတက်မှု မရှိမချင်း ပြန်လည်စေလွှတ်မည် မဟုတ်ကြောင်း သိရသည်။

တိကျစွာဖော်ပြခြင်းမရှိ

အမေရိကန်နှင့် ဗြိတိန်တို့ကလည်း အီရတ်အရေးကိစ္စတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို တိကျစွာ ဖော်ပြခြင်း မရှိချေ။

စီအင်န်အင်န်။

အိန္ဒိယနှင့်ပါကစ္စတန် ရထားလိုင်းပြန်ပြေးဆွဲ

လာဟိုး(ပါကစ္စတန်) ဇန်နဝါရီ ၁၇

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ရထားပြေးဆွဲမှုကို ကြာသပတေးနေ့က ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ခရီးသည်တင် ရထားတစ်စင်း ထွက်ခွာသကဲ့သို့ နယူးဒေလီမှလည်း ပါကစ္စတန်သို့ ရထားတစ်စင်း အပြန်အလှန် ပြေးဆွဲခဲ့သည်။ နှစ်နိုင်ငံကြား ရထားပြေးဆွဲမှုကို နှစ်နှစ်ကြာ ရပ်နားထားခဲ့ကြောင်းနှင့် ယခုကဲ့သို့ ပြန်လည်ပြေးဆွဲမှုအား ငြိမ်းချမ်းရေးအတွက် ပထမအဆင့်အဖြစ် ကြိုဆိုခဲ့ကြကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

ဂျော်ဂျီယာ ကာကွယ်ရေးဝန်ကြီး စီးနင်းလိုက်ပါသည့် အမေရိကန် စစ်ဘက်ဆိုင်ရာ လေယာဉ် ဘဂ္ဂဒက်၌ ပစ်ခတ်ခံရ

တီဘီလီဆီ ဇန်နဝါရီ ၁၇

မိမိလိုက်ပါလာသည့် အမေရိကန် စစ်ဘက်ဆိုင်ရာ လေယာဉ်သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ ဆင်းသက်စဉ် ပစ်ခတ်ခံရကြောင်း ဂျော်ဂျီယာ ကာကွယ်ရေးဝန်ကြီး ဒေးဗစ်တက်ဗ်ဇာက်ဒီက သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ဂျော်ဂျီယာ တပ်သားများအား နှစ်သစ်ကူး လက်ဆောင်များပေးရန် တက်ဗ်ဇာက်ဒီက အီရတ်နိုင်ငံသို့ တစ်ရက်ကြာ အလည်အပတ် သွားရောက်စဉ် ယင်းကဲ့သို့ ပစ်ခတ်ခံရခြင်း ဖြစ်သည်။ ယင်းသို့ ပစ်ခတ်ခံရမှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ မရရှိပေ။

လေယာဉ် ပစ်ခတ်ခံရကြောင်းကို မိမိအား ပြောကြားကြကြောင်း ဂျော်ဂျီယာနိုင်ငံမြို့တော် တီဘီလီဘီသို့ အပြန်တွင် ဂျော်ဂျီယာ ကာကွယ်ရေးဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဘဂ္ဂဒက်ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဝေဖန်ပြောကြားရန် ငြင်းဆန်ပြီး ဂျော်ဂျီယာ အာဏာပိုင်များထံသို့ ထပ်ဆင့်မေးမြန်းထားသည်။

မည်သည့်နေရာမှ ပစ်ခတ်သည်ကို ရှင်းလင်းပြတ်သားစွာ မသိရှိရသေးပေ။ သို့ရာတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအပေါ် အီရတ်ခုခံတွန်းသူများ၏ တိုက်ခိုက်မှုများသည် နေ့စဉ်ဖြစ်ပွားနေသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံတွင် ခုခံဆန့်ကျင်ရေးစစ်ပွဲများ ဆက်လက်ရှိနေဦးမည်ဟု အမေရိကန် ဗိုလ်ချုပ်သတိပေး

တီကရစ် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံတွင် ရောက်ရှိနေကြသော အမေရိကန်တပ်ဖွဲ့ဝင်များသည် အနာဂတ်တွင် အီရတ် ခုခံရေးသမားများနှင့် အီရတ်သို့ ဝင်ရောက်လာကြသော နိုင်ငံခြားသား တိုက်ခိုက်ရေးသမား၏ အန္တရာယ်ကို ဆက်လက် ရင်ဆိုင်နေရဦးမည် ဖြစ်ကြောင်း အမေရိကန် ဗိုလ်ချုပ်တစ်ဦးက ကြာသပတေးနေ့တွင် သတိပေးစကား ပြောကြားခဲ့သည်။ ၎င်းသည် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိမြို့ တီကရစ်ဒေသတွင် တပ်စွဲထားသော အမှတ်(၄) ကြည်းတပ်မ၏ အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ရေမွန်အိုဒီရာဒို ဖြစ်သည်။

ဆက်ဒမ်၏ သစ္စာခံ မဟုတ်သော အီရတ် လူမျိုးများနှင့် နယ်စပ်မှ ဖြတ်ကျော်ဝင်ရောက်လာ သည့် နိုင်ငံခြားသားများသည် အမေ ရိကန် ဦးဆောင်သော သိမ်းပိုက်ရေး တပ်များကို ဆက်လက်ဆန့်ကျင် တိုက်ခိုက်နေဦးမည့် အန္တရာယ် ရှိနေသေးကြောင်း အိုဒီရာဒိုက ဆက်လက် ပြောကြားခဲ့သည်။

အီရတ်များသည် နိုင်ငံခြားသားများ ၎င်းတို့နိုင်ငံ၌ရှိနေသည်ကို မလိုလားကြပေ။ အီရတ်သည် အီရတ်လူမျိုးများ အတွက်သာဖြစ်ရမည်ဟု သဘောထားကြသည်။ ၎င်းတို့သည် အနောက်တိုင်းသားများကို သဘောမကျကြသောကြောင့် ဆက်လက် ဆန့်ကျင် တိုက်ခိုက်ကြမည်။ အီရတ်နိုင်ငံသည် အနောက်တိုင်းယဉ်ကျေးမှုကို စစ်ခင်းရာ နယ်မြေပင်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း အဆိုပါဗိုလ်ချုပ်က ပြောကြားသည်။

အင်တာနက်။



ဇန်နဝါရီ ၁၆ ရက်က အီရတ်နိုင်ငံတွင် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး လုံခြုံရေး စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆက်လက်ကူညီမည်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၇

အာဖဂန် အသွင်ကူးပြောင်းရေးအစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကာ အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပြီးသတ်ရေး ကူညီမည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြာသပတေးနေ့တွင် ထပ်လောင်းပြောကြားလိုက်သည်။

— ကြားနာ —

ရာထူးမှ အနားယူတော့မည့် အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် လက်ဒါဘရာဟီမီက အပြီးသတ်တင်ပြချက်ကို ကြားနာပြီးနောက် ထုတ်ပြန်သည့် ကြေညာချက်တွင် လုံခြုံရေးကောင်စီက ယင်းကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။

ထိုအတောအတွင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းလုံးတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူမှုသည် အာဖဂန်ပြည်သူများ၌ မူတည်နေကြောင်း လုံခြုံရေးကောင်စီက အလေးအနက်ထား ပြောကြားသည်။

လုံခြုံမှုရှိသည့်အခြေအနေ ဖန်တီးရေးနှင့် ထိရောက်သည့်ငွေကြေးများ ထောက်ပံ့ရေးတို့သည် လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံက အလေးထားပြောကြားသည့် ဘွန်းငြိမ်းချမ်းရေးသဘောတူညီချက်က သတ်မှတ်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲများအတွက် အရေးပါသည့်အချက်များ ဖြစ်နေပေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လုံခြုံရေးပြဿနာကို နိုင်ငံတကာအသိအမှတ်ပြု အစိုးရက မဖြေရှင်းလျှင် အီရတ်၏ ထုတ်လုပ်နေကျ ရေနံစိမ်းပမာဏကို ပြန်လည်မရရှိနိုင်

မဒရစ် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံ၏ လုံခြုံရေးပြဿနာကို နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အစိုးရက ဖြေရှင်းမပေးနိုင်ပါက ၎င်းနိုင်ငံ၏ အနေဖြင့် ယခင်ထုတ်လုပ်နေကျ ရေနံစိမ်းပမာဏသို့ ပြန်လည်ရောက်နိုင်စွမ်းမရှိကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အီးအေ) အမှုဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

တရားဝင်အစိုးရက အီရတ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို အာမခံနိုင်သည့် အခြေအနေသို့မရောက်မချင်း အီရတ်ရေနံလုပ်ငန်းအတွက် လိုအပ်နေသည့် ရင်းနှီးမြှုပ်နှံမှုများမရနိုင်သဖြင့် ရေနံထုတ်လုပ်နိုင်ခြင်း ရှိမည်မဟုတ်ကြောင်း အိုင်အေအီးအေ ညွှန်ကြားရေးမှူး မန်ဒီလ်က ပြောကြားသည်။ လုံခြုံရေးအခြေအနေသည် ရေတိုလုပ်ငန်းအတွက် ရေနံထုတ်လုပ်မှုပမာဏ အင်ပြည့်အားပြည့် ထုတ်လုပ်နိုင်ရန်အတွက် တွန်းအားတစ်ရပ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၏ ရေနံထုတ်လုပ်မှု၏ သုံးပုံတစ်ပုံသည် အီရတ်နိုင်ငံမြောက်ပိုင်းမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ယခုအခါ ယင်းဒေသ၏ ရေနံထုတ်လုပ်မှုမှာ ရပ်တန့်လျက် ရှိကြောင်း မန်ဒီလ်က ထုတ်ဖော်ပြောကြားသည်။

အီရတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံထုတ်လုပ်မှု အများဆုံးသောနိုင်ငံများတွင် ပါဝင်သည်။ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား သိမ်းပိုက်ပြီးနောက် အီရတ်နိုင်ငံ၏ လူမှုဘဝအခြေအနေသည် အေးချမ်းတည်ငြိမ်မှုမရှိဘဲဖြစ်နေသည်။

အီရတ်နိုင်ငံ၏ လက်ရှိ နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏမှာ ပီပါ ၁ ဒသမ ၅ သန်းဖြစ်သည်။ စစ်မဖြစ်မီကာလက နေ့စဉ် ရေနံပီပါ ၂ ဒသမ ၅ သန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ ၁၇ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ရှိ အမေရိကန်စစ်စခန်းမှ ကင်းလှည့်ထွက်ခွာရန် အသင့်ဖြစ်နေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို စစ်ကားတစ်စီးပေါ်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခြောက်နှစ်နှင့် ၁၆နှစ်အတွင်းရှိ ဗြိတိန်ကလေးငယ်များ ၁၆ ရာခိုင်နှုန်းနီးပါး အဝလွန်ရောဂါ ရှိနေကြ

လန်ဒန် ဇန်နဝါရီ ၁၇

ရုပ်မြင်သံကြားရှေ့တွင် တစ်နေကုန်ထိုင်ကြည့်နေသည့် ဘဝပုံစံသည် အသက်သုံးနှစ်အရွယ်ရှိသည့် ကလေးငယ်ကလေးများတွင် အဝလွန်ရောဂါ ဖြစ်ပွားနိုင်သည့် အန္တရာယ်ကို တိုးမြှင့်စေနိုင်ကြောင်းဖြင့် စကော့တလန်မှ သုတေသီများက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ကလေးသူငယ်များသည် နေ့စဉ် အားမာန်ပါသည့် ကာယ လေ့ကျင့်ခန်းကို မိနစ် ၆၀ ခန့် ပြုလုပ်ရန် ထောက်ခံမှု ပြုထားသော်လည်း အများစုမှာ မိနစ် ၂၀ မှ ၂၅မိနစ်အထိသာ ပြုလုပ်ကြကြောင်း ကလပ်စကိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။ ပြည်သူ့ကျန်းမာရေးဌာနများက ကလေးငယ်များ၏ ငယ်စဉ်ဘဝတွင် ကျန်းမာရေးအရ ကာယလေ့ကျင့်ခန်း တိုးမြှင့်ပြုလုပ်ပြီးထိုင်၍ လုပ်ရသောလုပ်ငန်းချိန်ကို လျှော့ချရန် လူထုစည်းရုံးသည့်နည်း အခြေခံမဟာဗျူဟာ ကျင့်သုံး ရင်းဖြင့် ဝင်ရောက်ဆောင်ရွက်ကြရန် အလျင်အမြန်လိုအပ်နေကြောင်း ယင်းတက္ကသိုလ်မှ ပါမောက္ခ ဂျွန်ရယ်လီက ပြောကြားသည်။

ဗြိတိန်နိုင်ငံရှိ အသက်ခြောက်နှစ်မှ ၁၆ နှစ်အတွင်း ကလေးငယ်များ၏ ၁၆ ရာခိုင်နှုန်းနီးပါးသည်အဝလွန်ရောဂါရှိနေကြပြီး ကျန်းမာရေးတာဝန်ရှိပုဂ္ဂိုလ်များက ၎င်းဦးရေ တိုးမြင့်လာနိုင်ကြောင်း ကြိုတင်သတိပေးထားသည်။

ကျန်းမာရေးနှင့် မညီညွတ်သော အာဟာရ၊ ကာယလေ့ကျင့်ခန်းလုပ်မှု နည်းပါးမှု၊ ရုပ်မြင်သံကြား အချိန်တိုင်းကြည့်ရှုနေမှု သို့တည်းမဟုတ် အချိန်များများ ဗီဒီယိုကစားနည်း ကစားမှုစသည်တို့သည် ကလေးငယ်များ အဝလွန်ရောဂါကြောက်မက်ဖွယ် ဖြစ်ပွားလာမှု၏ တရားခံများဖြစ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အလုပ်အကိုင်ရှာဖွေ

ဇန်နဝါရီ ၁၇ ရက်က အီရတ်နိုင်ငံ အလယ်ပိုင်း ဆာမာရာမြို့ရှိ အလုပ်အကိုင်ရှာဖွေရေးရုံး၌ အလုပ်လာလျှောက်ကြသည့် အီရတ်နိုင်ငံသားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များနှင့်ပတ်သက်၍ အမေရိကန်ထောက်လှမ်းရေး သုံးသပ်ချက် မှားယွင်း

ဝါရှင်တန် ဇန်နဝါရီ ၁၈

အီရတ်စစ်ပွဲ မဖြစ်မီက အီရတ်နိုင်ငံအပေါ် အစုအပြုံလိုက် သေစေနိုင်သည့် အဖျက်လက်နက်များနှင့်ပတ်သက်သည့် အမေရိကန်ထောက်လှမ်းရေး၏သုံးသပ်ချက်များသည် မှားယွင်းကြောင်း၊ ယင်းကိစ္စကို သမ္မတဘုရှ်အနေဖြင့် နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင် ပြောကြားမည့်မိန့်ခွန်းတွင် အတိအကျ ဖော်ထုတ် တင်ပြသင့်ကြောင်းဖြင့် ထောက်လှမ်းရေး ကော်မတီဆိုင်ရာ အထက်တန်းဒီမိုကရက်တစ် အမတ်တစ်ဦးကသောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် အစိုးရ အပြောင်းအလဲဖြစ်စေရန် အထောက်အကူပြုစေနိုင်မည့် ကောင်းမွန်သော အကြောင်းပြချက်များရှိပါကြောင်း၊ သို့ရာတွင် သံတမန်ပရိယာယ် ကောင်းမွန်ရေးနှင့် စစ်ရေးအရ အီရတ်နိုင်ငံအား တိုက်ခိုက်မှုကို နိုင်ငံတကာက ထောက်ခံစေရန်အတွက် အီရတ်နိုင်ငံနှင့် ပတ်သက်သည့် မှန်ကန်သော ထောက်လှမ်းရေး သတင်းများရရှိရန် အချိန်ပိုမို ပေးသင့်ကြောင်း ကာလီဖိုးနီးယားပြည်နယ်မှ ဒီမိုကရက်တစ်အမတ် ဂျိန်းဟာမက်က ပြောကြားသည်။

သမ္မတဘုရှ်အနေဖြင့် ဖော်ပြပါ အဖျက်လက်နက်များနှင့် အကြမ်းဖက်မှုနှင့် ပတ်သက်သည့်ထောက်လှမ်းရေး သတင်းများ တိကျမှန်ကန်ရေးအတွက် ဦးဆောင်ကြိုးပမ်းသင့်ကြောင်း၊ လာမည့်အင်္ဂါနေ့တွင် ပြောကြားမည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင် ဖော်ပြပါ ပြဿနာများကိုဝန်ခံပြီး ယင်းပြဿနာများကို အတိအကျ ဖော်ထုတ်တင်ပြရန် မိမိတိုက်တွန်းပါကြောင်း ဟာမက်က ဆက်လက်ပြောကြားသည်။

အီရတ်ဆိုင်ရာ အမေရိကန် ပြည်ထောင်စုမှ လက်နက်ရှာဖွေရေး ခေါင်းဆောင် ဒေးဗစ်ကေသည် ၎င်းရာထူးကို ပြန်မယူပါက ယင်းတားမြစ်အဖျက်လက်နက်များအား ရှာဖွေ၍ တွေ့နိုင်ဖွယ်မရှိဟု ကောက်ချက်ချနိုင်သည့် လက္ခဏာအဖြစ် ဝေဖန်သူများက ထင်မြင်နေကြသည်။

အီရတ်လေ့လာရေးအုပ်စုက ဖော်ပြပါ အစုအပြုံလိုက် အဖျက်လက်နက်များကို ရှာဖွေဖော်နိုင်မည့် အခြေအနေရှိပါက ဒေးဗစ်ကေ ရာထူးမှ ထွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ ဖြစ်ပေါ်လာမည်ဟု မိမိထင်မြင်ကြောင်း ဟာမက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ အာဏာလွှဲပြောင်းပေးရေး အမေရိကန်၏ အစီအစဉ် ဘုရှ်သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရရေးအတွက် အလျင်စလိုနိုင်သည့် သဘောတူညီချက်ဖြစ်

ဘာဆရာ ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံသားများအား အာဏာလွှဲပြောင်းပေးရေးအတွက် အမေရိကန်၏ အစီအစဉ်သည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရရေးကို မဲဆွယ်လှုံ့ဆော်မှု အရှိန်မြှင့်ရန် ရည်ရွယ်သည့် အလျင်စလိုနိုင်လှသော သဘောတူညီချက်ပင်ဖြစ်ကြောင်း အီရတ်နိုင်ငံမှအထင်ရှားဆုံး ရှီးယားခေါင်းဆောင် အလီအယ်ဟူစိန်နီအယ်စစ္စတာနီ၏ လက်ထောက်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဇွန် ၃၀ ရက်တွင် အီရတ်နိုင်ငံသားများထံသို့ အာဏာလွှဲပြောင်းပေးအပ်ရေးနှင့် ပတ်သက်သည့် အမေရိကန်၏ အစီအစဉ်အပေါ် ဒွိဟပွားနေမှုများက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်မှုကို လွှမ်းမိုးထားသည်။ အီရတ်နိုင်ငံအနေဖြင့် တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရန် အဆင်သင့်မရှိသေးသည့် အထောက်အထားအဖြစ် တိုက်ခိုက်မှုများကို အမေရိကန်တို့က ထောက်ပြကြသည်။

ခုခံတိုက်ခိုက်မှုများ ဘဂ္ဂဒက်မြို့တွင် သောကြာနေ့က ဖြစ်ပွားခဲ့သေးသည်။ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လူသွားလူလာရှုပ်ထွေးသည့် လမ်းတစ်လမ်းတွင် ဘောလုံးကန်နေသည့် ၁၅ နှစ်အရွယ် အီရတ်လူငယ်လေးတစ်ဦး သေဆုံးခဲ့ရပြီး အခြားလူသုံးဦး ဒဏ်ရာရရှိခဲ့သည်။

ထိုအတောအတွင်း အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက်များကိုလည်း စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

အမေရိကန်သည် အီရတ်နိုင်ငံ၌ ကိုယ်ပိုင်အုပ်ချုပ်ရေးဖန်တီးမည့် ၎င်း၏အစီအစဉ်ကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ပြောကြားသည်။ ***အင်တာနက်။***

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းဓမ္မဒူတတောရကျောင်းတိုက် နာယကဆရာတော် ဓမ္မဒူတ အရှင်ပညိဿရ (ဓမ္မာစရိယ B.A, M.A) သည် ဇန်နဝါရီ ၂၂ ရက်နေ့မှ ၂၅ ရက်ထိ ကျိုက်ထိုမြို့နယ် ကျိုက္ကသာကော့စံ ကန်ကြီးကျောင်းတိုက် တရားစခန်း၊ ဇန်နဝါရီ ၂၆ ရက်ညတွင် လှိုင်မြို့နယ် (၁၁)ရပ်ကွက် ရွှေဟင်္သာအားကစားကွင်း ဓမ္မသဘင်နှင့် ဇန်န ဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ မုဒုံမြို့ ကျိုက္ကဆံကျောင်းတိုက် တရားစခန်းတို့တွင် တရားတော်များဟောကြားမည်ဖြစ်သည်။

(က-ပ)

မြို့ပြခြေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သုတေသနလုပ်ငန်းများကို ပိုမိုအလေးပေး လုပ်ကိုင်သင့်

အောင်မိုးစံ

နိုင်ငံထူထောင်ရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသော နယ်ပယ်အသီးသီး၌ သုတေသနလုပ်ငန်းများ ထွန်းကားတိုးတက်လာရန် မဖြစ်မနေ လိုအပ်ပါသည်။ နိုင်ငံတကာတွင် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော နိုင်ငံများကို လေ့လာပါက သုတေသနလုပ်ငန်းများအပေါ် အကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရပါသည်။

မြန်မာမှုတွင် သုတေသနဟူသော စကားလုံးသည် ပါဠိစကားဖြစ်၍ မြန်မာအဘိဓာန်ကျမ်းအလိုအရ တစ်စုံတစ်ရာကို ခြေခြေမြစ်မြစ်သိရှိရန် စုံစမ်းရှာဖွေခြင်းဟု ဆိုပါသည်။ အင်္ဂလိပ်အဘိဓာန်တွင် "Research careful study or investigation, in order to discover"ဟူ၍ ဖော်ပြထားပါသည်။

ယနေ့ကာလကဲ့သို့ ဈေးကွက်စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲလာသော မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များကို သုတေသနလုပ်ငန်းများ လုပ်ဆောင်ကြရန် အခါမလပ် လမ်းညွှန်လေ့ရှိပါသည်။ သဘာဝသိပ္ပံတွင် သဘာဝတရားများက ထိန်းကျောင်းအုပ်စိုးနေသကဲ့သို့ လူမှုသိပ္ပံ (Social Science) တွင်လည်း လူမှုဖြစ်ပေါ်ရေးတရားများက ပြဋ္ဌာန်းစိုးမိုးလျက်ရှိပါသည်။ သဘာဝတရားများကို ဖော်ထုတ်တွေ့ရှိခြင်းဖြင့် တိကျသော အဖြေများ ထုတ်ယူနိုင်သကဲ့သို့ လူမှုသိပ္ပံတွင်လည်း လူမှုဖြစ်ပေါ်တိုးတက်ရေးတရားများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် တိကျသောအဖြေများ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖြစ်ပေါ်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုများကို နိုင်ငံတကာ သုတေသီများကလည်း လူမှုသိပ္ပံနည်းဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိကြပါသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ် ပြောင်းလဲမှုများကို လေ့လာမည်ဆိုပါလျှင်လည်း ယခုကဲ့သို့ အနှစ်ချုပ် လေ့လာတွေ့ရှိနိုင်ပါသည်။

(၁) တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး တိုင်းရင်းသားချင်း လက်နက်ကိုင် ပဋိပက္ခမီးလောင်ကျွမ်းခဲ့မှု၊

(၂) ဖဆပလခေတ်တွင် ပြည်ပဆန်စပါးတင်ပို့မှုကို နိုင်ငံတော်က ချုပ်ကိုင်၍ ပြည်တွင်းတွင် တောင်သူလယ်သမားများထံမှ ကမ္ဘာ့ပေါက်ဈေးထက်များစွာ ဈေးနှိမ်ဝယ်ယူခဲ့မှုကြောင့် မြန်မာလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးတစ်ရပ်ဖြစ်ခဲ့မှု၊

(၃) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်မူ စီးပွားရေးလုပ်ငန်းအဝဝကို နိုင်ငံတော်က ချုပ်ကိုင်ထားခဲ့သောကြောင့် အိမ်နီးချင်းအာရှနိုင်ငံများထက် ဖွံ့ဖြိုးမှုတွင်နောက်ကျကျန်ခဲ့ရမှု၊

(၄) ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ကမ္ဘာ့ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းထဲသို့ ပြောင်းလဲဝင်ရောက်လာပြီ ဖြစ်သဖြင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးမှု၊ ပါတီစုံထူထောင် ခွင့်ပြုမှု၊ ပါတီစုံရွေးကောက်ပွဲကျင်းပပေးခဲ့မှု၊ အမျိုးသားညီလာခံ ခေါ်ယူကျင်းပပေးမှုနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှုများကို ကြိုးပမ်းထူထောင်လာခဲ့ပြီဖြစ်ပါသည်။

ထိုသို့ တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလာသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေး၊ ဘာသာရေးမတည်ငြိမ်မှုများ ကြုံတွေ့ရလေ့ရှိပါသည်။ စီးပွားရေးတွင် ကုန်ဈေးနှုန်းမြင့်တက်မှု၊ ငွေဖောင်းပွမှု၊ အတိတ်က နိုင်ငံပိုင်စီးပွားရေးကုန်ထုတ်လုပ်ငန်းဟောင်းများက အဆင့်မြင့်ခေတ်သစ်ကုန်ထုတ်လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိသောကြောင့် အရှုံးပေါ်မှုများလည်း ကြုံရပါသည်။ နိုင်ငံရေးတွင်လည်း အာဏာခွဲရေး၊ အာဏာလွှဲရေး၊ တိုင်းရင်းသားလူမျိုးစုတို့အရေးစသော မတည်ငြိမ်မှုများကြုံရတတ်ပါသည်။ လူမှုရေးတွင်လည်း ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများကြုံရတတ်ပါသည်။ ဤဖြစ်ရပ်များသည် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းလာသော အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံဟောင်းအချို့တွင် ကြုံတွေ့ခဲ့၊ ကြုံတွေ့ဆဲဟု ဆိုနိုင်ပါသည်။ အာရှတိုက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အသွင်ကူးပြောင်းရေးသည် ထိုသို့မဟုတ်ဘဲ တည်ငြိမ်စွာ ကူးပြောင်းနေသည်ကို အတုယူဖွယ်ရာပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တရုတ်ပြည်ဈေးကွက်ကြီး စည်ပင်လာခဲ့ပါသည်။ ကမ္ဘာတွင် အမေရိကန်ပြီးလျှင် ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ ဖြစ်လာပါသည်။ လူဦးရေများသော ဈေးကွက်ကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ၁၉၈၈ ခုနှစ် အရေးအခင်းကို လွန်မြောက်ပြီးနောက် တည်ငြိမ်စွာ အသွင်ကူးပြောင်းနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထိုသို့အသွင်ကူးပြောင်းလာနိုင်ခြင်းမှာလည်း တပ်မတော်အစိုးရသည် အမျိုးသားသင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အထူးအလေးပေး ကြိုးပမ်းလာ၍ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခင်အစိုးရအဆက်ဆက်တို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့သည့် နှစ်ကြာရှည်စွာ အစိုးရအဆက်ဆက်ကို ပုန်ကန်ခြားနားလာခဲ့သော လူမျိုးစုတောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့တို့ အတိုက်အခိုက်ရပ်စဲ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခြင်း ဖြစ်ပါသည်။ လက်ရှိဥပဒေတွင်း နိုင်ငံရေးတင်းမာမှုများကိုလည်း အမျိုးသား သင့်မြတ်စည်းလုံးရေးအတွက် ညှိနှိုင်းဆွေးနွေးနေပြီဖြစ်ပါသည်။ အမျိုးသားရေးပြဿနာများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးဖြေရှင်းရေး အစဉ်အလာကောင်းများကို ကျင့်သုံးလာနိုင်ခဲ့ခြင်းလည်းဖြစ်ပါသည်။ အမျိုးသားရေးအကျိုးအတွက် လွန်စွာသင့်မြတ်မှန်ကန်သော ဖြေရှင်းနည်းလည်းဖြစ်သည်။

ယနေ့ ကမ္ဘာနှင့်အဝန်း ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးနယ်ပယ်သည် တော်သူကယ်၊ မတော်သူပယ် အပြိုင်ကြဲရသော ခေတ်ကာလမျိုးဖြစ်ပါသည်။ စီးပွားရေး အကျိုးစီးပွားကိုသာ ရှေ့တန်းတင် လုပ်ကိုင်ကြသော ကာလမျိုးလည်းဖြစ်ပါသည်။ သို့ပါ၍ ဈေးကွက်စီးပွားရေးနယ်ပယ်သို့ ဝင်ရောက်လာသော မြန်မာနိုင်ငံအဖို့လည်း ပြည်တွင်းအမျိုးသားရေးအင်အားစုများ ညီညာဖြိုဖြစ် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သွားဖို့ရာ လိုအပ်နေချိန်လည်း ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးများ လိုက်ပါပြောင်းလဲတိုးတက်မည်ဖြစ်ပါသည်။ လူမှုတော်လှန်ရေးများသည် စီးပွားရေး တော်လှန်ပြောင်းလဲမှုဖြင့်သာ စတင်လေ့ရှိသည်။ လူ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုသည်လည်း လူများ၏ စားဝတ်နေရေး ကုန်ထုတ်လုပ်မှု တိုးတက်ဖြစ်ပေါ်ရေး သမိုင်းသာဖြစ်သည်။ လူ့အဖွဲ့အစည်း၏ နှလုံးသည်းပွတ်သည် စီးပွားရေးကုန်ထုတ်လုပ်ရေး ဖြစ်သောကြောင့် စီးပွားရေး ကုန်ထုတ်လုပ်ရေးများဖွံ့ဖြိုးလျှင် ဖွံ့ဖြိုးသလောက် အခြားသောလူမှုနယ်ပယ်များသည်လည်း ဝေဆာဖွံ့ဖြိုး လာလေ့ရှိသည်ဟု ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒက ဆိုပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်တွင် စီးပွားရေးအခက်အခဲများကို လွန်မြောက်နိုင်ရေးသည် အခြေခံအကျဆုံး ပြဿနာဖြစ်ပါသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အမေရိကန်နှင့် အနောက်အုပ်စုအပေါင်းပါတို့က စီးပွားရေး ပိတ်ဆို့ထားချိန်တွင် ပုဂ္ဂလိကဘဏ်အချို့ ငွေကြေးပြဿနာပေါ်ခဲ့သည်။ အကျိုးဆောင်ကုမ္ပဏီအချို့ကြောင့်လည်း ငွေကြေးပြဿနာဖြစ်ခဲ့ပါသည်။ အခုလို ပြည်တွင်းငွေကြေးပြဿနာများသည် မြန်မာနိုင်ငံတွင်သာမက အခြားသော စက်မှုဖွံ့ဖြိုးပြီးနှင့် စက်မှုထွန်းသစ်စ နိုင်ငံများတွင်လည်း ကြုံရတတ်ပါသည်။ ၁၉၉၇-၉၈ ခုနှစ်တွင် အာရှငွေကြေး အကျပ်အတည်းကြီး ကြုံခဲ့သဖြင့် စုပေါင်းလုံ့လပြု ကြိုးပမ်းလွန်မြောက်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိစီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသော အခက်အခဲများကို ဖြေရှင်းလွန်မြောက်သွားရေးအတွက် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။ ပြဿနာပေါ်ပေါက်လာခြင်းသည် အဓိကမဟုတ်၊ ပြဿနာဖြေရှင်းနည်း မှန်၊ မမှန် ဆိုသည်ကသာ ပြဿနာကိုယ်တိုင်၏ ကောင်းကျိုးဆိုးပြစ်ကို အဆုံးအဖြတ်ပေးနိုင်သည်ဟု လူမှုသိပ္ပံ တရားကဆိုပါသည်။ ပြဿနာဖြေရှင်းနည်း မှန်ဖို့သာ အဓိကဖြစ်ပါသည်။ ယခုကဲ့သို့ နှောင်းခေတ် အီလက်ထရွန်းနစ်နည်းပညာခေတ်ကြီးတွင် ပေါ်ပေါက်လာသော ပြဿနာမျိုးစုံတို့ကို ပြည်တွင်းနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးနယ်မှ အာဏာရှိ အာဏာမဲ့ပုဂ္ဂိုလ်များ၊ ပညာရှင်အဖွဲ့အစည်းများ၊ လူမှုရေး နယ်ပယ်မှ လူမှုရေး၊ ဘာသာရေးခေါင်းဆောင်များ ဖြေရှင်းနိုင်ဖို့ ကြိုးစားနေကြပါသည်။ အားလုံးက အားလုံးကို အကြံပြု၊ အမြင်ချင်းဖလှယ်နေကြပါသည်။ ယနေ့ဖြစ်ပေါ်နေသော အီလက်ထရွန်းနစ်နည်းပညာ တော်လှန်ရေးကြီးကလည်း ပိုမိုလွတ်လပ်ပွင့်လင်းပြီး ကမ္ဘာနှင့်အဝန်း လွှမ်းခြုံဆက်စပ်လာနေပါသည်။ ရွေးချယ်စရာ အဖြေနယ်ပယ်တို့လည်း ပိုမိုကျယ်ပြန့်လျက်ရှိပါသည်။ သို့ဖြစ်၍လည်း နိုင်ငံတကာ သုတေသန လုပ်ငန်းကြီးများ ပိုမိုကျယ်ပြန့်တိုးတက်လာနေပါသည်။ ထို့ကြောင့် လူမှုသိပ္ပံမှာရော၊ သဘာဝသိပ္ပံမှာပါ အရာရာတိုင်းသည် တည်ငြိမ်သောအနေအထားကိုသာ ရေးရှုပြုပြင် စီရင်နေကြမြဲဖြစ်ပါသည်။ ကုန်လုပ်စွမ်းအားစုများ ဖွံ့ဖြိုးဝေဆာပြီး တည်ငြိမ်အေးချမ်းသော ဘဝနှင့်ကုန်ထုတ်စွမ်းအားစုများ ပျက်ပြုန်းပြီး ဆူပူမတည်ငြိမ်သော ဘဝတို့၏ အားပြိုင်လွန်ဆွဲပွဲမှာ ပထမ တိုးတက်ဖြစ်ပေါ်မှုကသာ သမိုင်း၏ ယာဉ်ရထားပေါ်မှာ ရှိနေပါသည်။ ဒုတိယ ဆုတ်ယုတ်ကျဆင်းမှုကတော့ သမိုင်း၏ အမှိုက်ပုံးများ၊ ပြတိုက်များထဲမှာသာ သိမ်းဆည်းစွန့်ပစ်ခြင်း ခံရတော့မည်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး ဦးတည်ကြိုးပမ်းလျက်ရှိသော မြန်မာနိုင်ငံအဖို့လည်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ကိုင်ဆောင်ရွက်သွားသင့်ပါသည်။ လိုအပ်သော အစီအမံများကို နိုင်ငံတော်က ရေးရှုလုပ်ကိုင် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ သို့မှသာ အကျိုးအကြောင်းဆက်စပ်ဖြစ်ပေါ်လာသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသော ပြဿနာကြီးငယ်များကို ကြိုတင်သိမြင် ဆင်ခြင်တွက်ချက်နိုင်ပါမည်။ ပြဿနာအတိုင်းအတာပမာဏအလျောက် မှန်ကန်စွာ ဖြေရှင်းလွန်မြောက်ရေးအတွက် လိုအပ်ချက်များကို ဖော်ထုတ်ပေးသွားနိုင်မည် ဖြစ်ပါသည်။ အာရှတိုက်တွင် ဒုတိယကမ္ဘာစစ်အတွင်း ပြာပုံထဲမှ ကုန်းရုန်းထခဲ့ရသော ဂျပန်နိုင်ငံကို စံထားစရာ ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၇ နှစ်အတွင်း ၁၄ ဆ တိုးတက်လာခဲ့သည့် ကမ္ဘာ့အံ့ဖွယ် စီးပွားရေး (Miracle Economy) အောင်မြင်သော အာရှနိုင်ငံဖြစ်ပါသည်။ ကျွန်တော်တို့သည် ၁၉၉၉ နှစ်ဦးပိုင်းက ဈေးကွက်သုတေသန ကုမ္ပဏီဖြစ်သော MSRတွင် ဂျပန်နိုင်ငံ ဖူဂျီသုတေသနဗိမာန်မှ ဘောဂဗေဒ ပါမောက္ခ ဆီနီချီနာကာယာမနှင့် စီးပွားရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုပြုလုပ်ခဲ့ပါသည်။ထိုနှီးနှောဖလှယ်ပွဲတွင်မစ္စတာနာကာယာမက "အရှေ့အာရှနိုင်ငံများတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Research & Development) များအတွက် ငွေကြေးသုံးစွဲမှုမရှိသလောက် ဖြစ်နေပါတယ်။ ဂျပန်နိုင်ငံမှာ သယံဇာတအရင်းအမြစ်တွေ ဘာမျှမရှိပါဘူး၊ အတတ်ပညာ၊ နည်းပညာများကို ပြည်ပက တင်သွင်းယူရပါတယ်။ ဒါပေမယ့် အဲဒီအတတ်ပညာ၊ နည်းပညာအားလုံးကို ဂျပန်တွေက ပိုမိုတိုးတက်အောင် ဖန်တီးခဲ့ရပါတယ်။ ဒါကြောင့်မို့လည်း ဂျပန်ထုတ်ကုန်တွေ ကမ္ဘာကို လွှမ်းမိုးခဲ့ပါတယ်။ အဲဒီလိုဖြစ်အောင် အရေးကြီးဆုံးကတော့ (Research & Development) ပဲ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ (GDP)ရဲ့ သုံးရာခိုင်နှုန်းအထိ သုံးစွဲတယ်"ဟု ဆိုပါသည်။ ဂျပန်နိုင်ငံအဖို့ ယခုကဲ့သို့ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နေသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အောင်မြင်စွာ ရေရှည်ထိန်းသိမ်းထားနိုင်ပါသည်။ ပေါ်ပေါက်လာသော စီးပွားရေး၊ နိုင်ငံရေး၊ ပြဿနာကြီးငယ်များကိုလည်း မှန်ကန်စွာ ဖော်ထုတ်ဖြေရှင်းလာနိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံတွင် သုတေသနလုပ်ငန်းပေါင်း ၂၇၀၀၀၀ ရှိသည်ဟု သိရှိရပါသည်။ ဂျပန်ငါးဦးတွင် တစ်ဦးက သုတေသီဖြစ်နေပါသည်။

သို့ပါ၍ ယနေ့ကာလကဲ့သို့ ဈေးကွက်စီးပွားရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲနေသော မြန်မာနိုင်ငံအဖို့ ဝေဒနာအနည်းဆုံးလမ်းကို လျှောက်လှမ်းနိုင်ရေးအတွက် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသော နယ်ပယ်အသီးသီးတို့တွင် **သုတေသနလုပ်ငန်းများကို ပိုမိုအလေးပေး လုပ်ကိုင်သင့်ပါကြောင်း** အထူးတလည် တင်ပြလိုက်ရပါသည်။ ။

ဂျာဗားပရိုဂရမ်မင်း သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

Myanmar Information Technology (MIT) နှင့် Queen Star ComputerCenter တို့ ပူးပေါင်းဖွင့်လှစ်သော Myanmar Professional Education Center (MPEC) မှ Web- based Java Programming သင်တန်းကို ဖွင့်လှစ် သင်ကြားလျက်ရှိသည်။ ထိုသင်တန်းတင် Web Technology နှင့် Java Programming တို့ကိုအဓိကထား၍ သင်ကြားပေးမည်ဖြစ်ရာ Java Programming ကို အခြေခံကျကျ လေ့လာလိုသူများအတွက် အထူးသင့်လျော်သော သင်တန်းဖြစ်သည်။

ထို့အပြင် Special Bonus အနေဖြင့် Linux, My SQL, Oracle 9i တို့၏ အခြေခံကိုပါ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကို MIT မှ Java ရေးသားထုတ်လုပ်ထားသော Customerment Relationship Management System (National ICT Award 2003) နှင့် Hospital Management System အစရှိသော Software ရေးသားနည်းများကို အခြေခံပြီး အတွေ့အကြုံရှိ Senior Project Manager များ ကိုယ်တိုင် သင်ကြားပို့ချပေးသွား မည်ဖြစ်သည်။ သင်တန်းများ ပြီးဆုံးပါက Sun Certified Programmer for Java 2 Platform Examကို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ IT Industry များတွင် Java Programmer တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၁) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၅၂၇၈၊ ၅၀၂၈၀၁၊ ၆၆၈၇၇၉၊၆၆၈၂၅၉ နှင့် အခန်း (၃၀) Mandalay MICT Park, ၄လွှာ ရတနာပုံဈေး အပေါ်ထပ် မန္တလေးမြို့ ဖုန်း ၀၂-၆၈၄၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ် (ပထဝီ)
  - (ခ) တတိယနှစ် (ဥပဒေပညာ)
- **၅:၃၀** ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၄၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၃၅** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၇။ မြန်မာ့လက်သီး
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်လီလီ" (အပိုင်း-၂)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (အပိုင်း-၁၉)**
  - ၂၄။ သင့်အတွက်မနက်ဖြန်
  - ၂၅။ အပိတ်နှုတ်ဆက်စကား
  - ၂၆။ ပြီးပါပြီ။

ဘုရားဖြူစာတော်ပြန်ပွဲ၊ သီတဂူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင်အကြိုတရားပွဲများကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ဇန်နဝါရီ၁၈ရက်(တနင်္ဂနွေနေ့)တွင် ရွှေပြည်ဟိန်းအရှင်ခေမာသိရီလင်္ကာရ(သီတဂူကြာတစ်ပွင့်)ကလည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်(တနင်္လာနေ့)တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရကလည်းကောင်း၊ဇန်နဝါရီ ၂၀ ရက်(အင်္ဂါနေ့)တွင် အရှင်ပညာနန္ဒ(သီတဂူကြာတစ်ပွင့်)ကလည်းကောင်း ညစဉ် တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

☆ **မဟာဝိသုဒ္ဓါရုံမှ**

အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းတိုက်ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့နယ်နှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှစ်ပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်းကြီး၏ တွဲဖက်ရွှေကျင်သာသနာပိုင် ဗဟန်းသီရိမန္တစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဉာဏာဘိဝံသက ကျောင်းတိုက်တည်စာတမ်းကို ဖတ်ကြားလျှောက်ထားပြီး မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်)ရွှေကျင်တိုက်သစ် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင် (အငြိမ်းစား)က ဝမ်းမြောက်ကြောင်းစကားလျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်တွဲဖက် သာသနာပိုင်ဆရာတော် ဗဟန်းသီရိမန္တ စံကျောင်းဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ရွှေကျင်တွဲဖက်သာသနာပိုင်ဆရာတော် ပဲခူးကြခတ်ဝိုင်းဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိပိဋကဩဝါဒါစရိယ ဆရာတော်များ၊ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ် နိုင်ငံတော်အစိုးရ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ဒီဃနိကာယ်သုံးကျမ်း အောင်မြင်တော်မူပြီး ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့နှင့် ဒွိပိဋကဓရ ဘွဲ့ရရှိတော်မူသော အရှင်ကုန္ဒကအား ဂုဏ်ပြုဘွဲ့လက်မှတ်နှင့် စာအောင်ဆုများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများက တိပိဋကဓရ စာမေးပွဲကြီး၌ ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့နှင့် သထုံမြို့ သုဝဏ္ဏဘုမ္မိပရိယတ္တိသာသနဟိတစာမေးပွဲ၌ ပိဋကတ္တယပါရဂူဘွဲ့ရ အရှင်သီရိကဉ္စန၊နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲ၌ ပထမလတ်တန်းတွင် တစ်နိုင်ငံလုံး ပထမဂုဏ်ထူးဆုရ ရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ ပထမငယ်တန်းတွင် တစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူးဆုရ ရှင်ဇဝနာလင်္ကာရ၊ နိုင်ငံတော်အစိုးရနိကာယ်စာမေးပွဲ၌ အင်္ဂုတ္တရနိကာယဝိဒူ တစ်နိုင်ငံလုံး ပထမဂုဏ်ထူးနှင့် သာမဏေကျော်ဘွဲ့ရ ရှင်ဇာနေယျာလင်္ကာရ၊ မန္တလေးမြို့ သကျသီဟသာမဏေကျော်စာမေးပွဲ၌ "သာမဏေကျော်ဘွဲ့" (ဒုတိယဂုဏ်ထူး)ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော် စာမေးပွဲ၌ သာမဏေကျော်ဘွဲ့ (တတိယဂုဏ်ထူး)နှင့် တောင်ကြီးမြို့ ကမ္ဘောဇသာမဏေကျော်ဘွဲ့ရရှိအောင်မြင်သော "သာမဏေကျော်သုံးဘွဲ့ရ"ရှင်တိက္ခာလင်္ကာရတို့အား ဂုဏ်ပြုဘွဲ့လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ မန္တလေးမဟာဝိသုဒ္ဓါရုံတိုက် မင်္ဂလာဗိမာန်ဆရာတော်နှင့် ဂန့်ဂေါမြို့ ကန်တောရပရိယတ္တိစာသင်တိုက် ဆရာတော်တို့ ဂုဏ်ပြုရေးသားကြသော "ထုတိဝေဒလ္လဂါထာ"များကို မြင်းခြံမြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ကုန္ဒောဘာသ (ဝိနယဓရ၊ဝိနယကောဝိဒ)က ဖတ်ကြားတော်မူသည်။

ယင်းနောက် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်တိုက် ကျောင်းတိုက်မှ တစ်နှစ်တာကာလအတွင်း စာမေးပွဲအသီးသီးအောင်သံဃာတော်များအား ကျောင်းတိုက် ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဘွဲ့လက်မှတ်များနှင့်စာအောင်ဆုများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)က အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်များက ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုပူဇော်

ယခုဂုဏ်ပြုပူဇော်ပွဲတွင် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်မှ (၅၅)ကြိမ်မြောက် နိုင်ငံတော်အစိုးရ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အထူးအောင် ခြောက်ပါး၊ အစိုးရဓမ္မာစရိယ (စာချတန်း)စာမေးပွဲကျမ်းရင်းသုံးကျမ်းအောင်ခြောက်ပါး၊ ပိဋကတ္တယ ပါရဂူဘွဲ့ရ တစ်ပါး၊ ပထမကြီးတန်းအောင် နှစ်ပါး၊ပထမလတ်တန်းအောင် ၁၂ပါး၊ ပထမငယ်တန်းအောင်၁၄ပါးအောင်မြင်ကြပြီး အစိုးရနိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲအုပ်စု(၁) ဝိနည်းငါးကျမ်းအောင် "ဝိနယဝိဒူ"ဘွဲ့ရ သုံးပါး၊ "အင်္ဂုတ္တရနိကာယဝိဒူ" ဘွဲ့ရ လေးပါး၊ အခြားသော ဗုဒ္ဓသာသနာပြုအသင်း၊ ဌာနများမှ ကျင်းပသော စာမေးပွဲအသီးသီး၌ အောင်မြင်တော်မူကြသော သံဃာတော် ၉၆ ပါးတို့အား ဂုဏ်ပြုပူဇော်ခြင်းဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ကျောင်းတိုက်တည်(၄၅)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ၂၀၀၃ ခုနှစ် နိုင်ငံတော်အစိုးရ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဒီဃနိကာယ် သုံးကျမ်းအောင်မြင်တော်မူပြီး ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့နှင့် ဒွိပိဋကဓရဘွဲ့ ရရှိတော်မူသော အရှင်ကုန္ဒကအား ဂုဏ်ပြုဘွဲ့လက်မှတ်နှင့် စာအောင်ဆုများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သမဝါယမဝန်ကြီးဌာနသမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန ဆရာစံပလာဇာ၌ သမဝါယမဝန်ကြီးဌာနက ခင်းကျင်းပြသလျက်ရှိသည့် "သမဝါယမထုတ်ကုန် ပြပွဲနှင့်အရောင်းပွဲတော်–၂၀၀၄"သို့ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက်ညနေ ၃ နာရီ ၁၅ မိနစ်တွင် "သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄" ခင်းကျင်းပြသလျက်ရှိသည့် သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန ဆရာစံပလာဇာသို့ ရောက်ရှိလာရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာစံပလာဇာ ပထမထပ်ရှိ ပြည်နယ်နှင့်တိုင်း သမဝါယမ အသင်းများ၏ ဒေသထွက်ကုန် လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ ဒေသထွက် ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ ဝတ်စုံများ လက်တွေ့ရက်လုပ်ပြသမှု ပြခန်း၊ ရှမ်းပြည်နယ် သမဝါမယအသင်းများ ထုတ်လုပ်မှုပြခန်းရှိ ပဒုမ္မာကြာရိုးမှ ကြာချည်မျှင်ထုတ်လုပ်မှု၊ ယင်း ကြာချည်မျှင်မှ ကြာသင်္ကန်း ရက်လုပ်မှု လုပ်ငန်းနှင့် အင်းလေးဒေသ ဇင်းမယ် လုံချည်ရက်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒုတိယထပ်ရှိအမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန တို့၏ လူသုံးကုန်ပစ္စည်းအရောင်းပြခန်းများ၊ ပြည်နယ်နှင့် တိုင်းသမဝါယမ အသင်းများနှင့် ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများ၏ လူသုံးအိမ်သုံးနှင့် ဆေးဝါးပစ္စည်း အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပထမထပ်ရှိ မြန်မာ့ လက်ဝတ်ရတနာ အနုပညာပစ္စည်း အရောင်းဆိုင်များ၊ ပုဂ္ဂလိကနှင့် သမဝါယမ အသင်းများက ထုတ်လုပ်သည့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ကနုကမာကျောက်စိ ပန်းချီကားချပ် အရောင်းပြခန်းနှင့် လူသုံးကုန်အမျိုးမျိုး အရောင်းပြခန်းတို့ကို လည်းကောင်း၊ ဆရာစံပလာဇာ မြေညီထပ် ပြင်ပရှိ

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ✧

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန ဆရာစံပလာဇာ၌ သမဝါယမဝန်ကြီးဌာနက ခင်းကျင်းပြသလျက်ရှိသည့် သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄တွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

➪ **အတွင်းရေးမှူး(၁)မှ**

ပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီး ဦးအောင်ဇန်က ကျောင်းခွဲ၌ ကျောင်းဆောင်သစ် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ပံ့ပိုးလှူဒါန်းငွေများကို တိုက်နယ်ဆရာဝန်အား ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ထမံသီအခြေခံပညာ အထက်တန်းကျောင်းခွဲသို့သွားရောက်၍ ကျောင်းဆောင်များအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်း

ထို့နောက် ရဟတ်ယာဉ်ဖြင့် ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများ၊ ကလေးမြို့နယ်၌ မြောင်းချောင်း(ကျော်ရွာ)ရေလှောင်တမံ စီမံကိန်းဆောင်ရွက်ရန် ပြင်ဆင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားပြီး ရေစိမ့်တားနံရံ တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကလေးတက္ကသိုလ်ခန်းမဆောင်၌ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပင်မတမံတည်ဆောက်မည့်နေရာနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းကို ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရဥ္စရာချောင်းတွင် တည်ဆောက်အကောင်အထည် ဖော်နေခြင်းဖြစ်သည်။

စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးအတွက် လယ်မြေဧက ၆၅၀၀ခန့်ကို စိုက်ပျိုးရေပေးဝေရန်နှင့် ရေအားလျှပ်စစ်ဓာတ်အား ငါးမဂ္ဂါဝပ် ထုတ်ယူရရှိရန်ဖြစ်သည်။

မြောင်းချောင်း(ကျော်ရွာ)ရေလှောင်တမံ

ကလေးမြို့နယ် ကျော်ရွာကျေးရွာအနီး မြောင်းချောင်း၌လည်း မြောင်းချောင်း(ကျော်ရွာ)ရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ဧက ၆၅၀၀ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်ကြောင်းသိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ကလေးဝမြို့သို့ ရောက်ရှိကြရာ ကျီကုန်းတပ်နယ်မှ ဗိုလ်မှူးကြီးညီထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းက မြစ်သာတံတား (ကလေးဝ)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က တံတားတည်ဆောက်ရေးလုပ်ငန်းကို စနစ်တကျ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကိုမှာကြားပြီး စီမံကိန်းရှင်းလင်းဆောင်မှ တံတား စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကလေးဝဘက်ကမ်းတံတား ကြိုးဆိုင်းခုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်သာမြစ်ကူးတံတား

မြစ်သာတံတား(ကလေးဝ)သည် မုံရွာ-အလုံ-ယာကြီး-မြို့မ-ကလေးဝ ကားလမ်း အဆုံးဖြစ်သော ကလေးဝမြို့နှင့် တစ်ဖက်ကမ်းရှိ ရှမ်းတပ်ကျေးရွာကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြစ်သာမြစ်ကူး တံတားဖြစ်သည်။

တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ်ကို ဘိုးပိုင်များဖြင့် သံကွန်ကရစ် တံတားတိုင်များအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး အပေါ်ထည်အပိုင်းကို သံမဏိသံပေါင် ကြိုးတံတား၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

ဖွင့်လှစ်နိုင်ရေး

တံတားအရှည်မှာ ပေ ၁၃၂၀ဖြစ်ပြီး သတ်မှတ်ရက်အတွင်း တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်းမှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကလေးစက်မှုဇုန်က ထုတ်လုပ်သော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေါက်တာတင့်ရွှန်းက ဓာတ်မှန်ခန်း၊ သွားကုသမှုဌာန၊ လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ Computer Skills Room၊ Computer Aided Instruction Room နှင့် Audio Lab Room တို့ကို လှည့်လည်ကြည့်ရှု၍ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်များကို အားပေးကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကလေးမြို့ မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



စီးပွားကူးသန်း ရှေ့သို့လှမ်း

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုအခြေအနေများကို ကျောင်းအုပ်ကြီး ဦးဝင်းမြင့်ကရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ကလေးတက္ကသိုလ်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးကျော်ရဲထွန်းနှင့် ပါမောက္ခများက ကြိုဆိုကြသည်။

ထို့နောက် တက္ကသိုလ်ခန်းမဆောင်၌ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ သရုပ်ပြ၊ နည်းပြများနှင့်တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ်က ကလေးတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ သင်ကြား/စီမံ ဝန်ထမ်းအင်အားအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးမှာကြားရာတွင် ကလေးတက္ကသိုလ်မှ မိမိတို့၏ လုပ်ဖော်ကိုင်ဖက် ပညာရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်အားပေးရန်၊ ကလေးတက္ကသိုလ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဘတ်စ်ကားလိုအပ်ချက်နှင့် တက္ကသိုလ်အဝင်လမ်းမကြီးကောင်းမွန်ရေး တင်ပြချက်များကိုလည်း ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကလေးတက္ကသိုလ်တွင် စစ်ကိုင်းတိုင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ချင်းပြည်နယ် မြောက်ပိုင်း တီးတိန်၊ ဖလမ်း၊ ဟားခါးတို့မှ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်လျက်ရှိသည်ကို သိရှိရသဖြင့် ဝမ်းသာကြည်နူးမှုဖြစ်ရပါကြောင်း၊ တစ်နည်းအားဖြင့် ကလေးတက္ကသိုလ်မှ

ဒုတိယပါမောက္ခချုပ် အမှူးပြုသည့် ဆရာ၊ ဆရာမများ၏ စောင့်ရှောက်မှု ကောင်းမွန်ခြင်းကို ထင်ဟပ်သည့် လက္ခဏာပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

တပ်မတော်က နိုင်ငံတော်၏ တာဝန်များကိုရယူပြီးနောက် အစိုးရတစ်ရပ်၏ ပီပြင်သော ဦးဆောင်တာဝန်ယူမှုများဖြင့် နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူများအပိုင်းကလည်း မိမိတို့တာဝန်များကို ကျေပွန်ခဲ့ကြကြောင်း။

ယခုအခါ နိုင်ငံရေးလည်း နိုင်ငံရေးအလျောက်၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး စသည်တို့သည်လည်း သက်ဆိုင်ရာ ကဏ္ဍများအလျောက် ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မည်သည့်အဟန့်အတား၊ အနှောင့်အယှက်များပင် ကြုံတွေ့ရစေကာမူမိမိတို့ အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပခုံးထမ်းမြှင့်တင်

ခေတ်မီနိုင်ငံတော် တည်ဆောက်ရာတွင် ပညာတတ်များဖြစ်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ရာ ဒေသအလိုက်လိုအပ်သည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအသီးသီးတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် ပခုံးထမ်းမြှင့်တင်ပေးစေလိုကြောင်းဖြင့်မှာကြားပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်သို့ ရောက်ရှိရာ စက်မှုဇုန်ရှင်းလင်းဆောင်၌ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် စက်မှုလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ကလေးစက်မှုဇုန်ထူထောင်၍ လုပ်ငန်းရှင်များအား မြေကွက်များချထားပေးမှု၊ ကလေးစက်မှုဇုန်မှ မော်တော်ယာဉ်ငယ်များ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ၊ အသေးစား

တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကလေးတပ်နယ်ခန်းမဆောင်တွင် ကလေးနှင့် ကလေးဝမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်ထုတ် စက်ပစ္စည်းများ ထုတ်လုပ်နိုင်ခဲ့မှုနှင့် ဖြန့်ဖြူးရောင်းချနိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် ရန်ကုန်၊ မန္တလေး၊ အေးသာယာ၊ မုံရွာ စက်ဇုန်များပြီးလျှင် စတင်ထူထောင်နေပြီဖြစ်သည့် ကလေးစက်မှုဇုန်သည် အခြားစက်မှုဇုန်များနှင့် ရင်ပေါင်တန်းနိုင်မည့် စက်မှုဇုန်တစ်ခုဖြစ်သည်ဟု မှန်းဆထားပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုလုပ်ငန်းရှင်များ ကြီးပွားစေရန်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အဆင့်အတန်းမြင့်လာစေရန် အမြဲအားပေး ပံ့ပိုးကူညီလျက်ရှိကြောင်း၊ ကလေးစက်မှုဇုန်ကို ထူထောင်ရာတွင် ရေရှည် ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများကို မျှော်မှန်းတွက်ဆ၍ လိုအပ်သည်များကို ဆောင်ရွက် စီစဉ်ထားကြရမှာ ဖြစ်ကြောင်း။

ထူထောင်ပေးထား

ယခုအခါ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများ၏ အခြေခံအဆောက်အအုံများကို လုံလုံလောက်လောက် ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုကဏ္ဍအတွက် လိုအပ်သော မြှင့်တင်မှုများကို အားပေးဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ်မှ စတင်၍ နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်လူဦးရေ၏ သုံးပုံနှစ်ပုံသည် ကျေးလက်နေ ပြည်သူများဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကလေးစက်မှုဇုန်အပါအဝင် စက်မှုဇုန်များက အသေးစား၊ အလတ်စား ရေအားသုံး ဓာတ်အားထုတ်စက်များကို ထုတ်လုပ်သွားရန်လိုကြောင်း၊ ကျေးလက်ဒေသများ၊ လိုအပ်သည့်နေရာများ၌ အဆိုပါ စက်များကို လက်တွေ့လိုက်လံ တပ်ဆင်ပေးပြီး အားနည်းချက်များကို ချက်ခြင်းပြုပြင်၍ ရေအားလျှပ်စစ် ထုတ်စက်များ၏ အရည်အသွေးမြင့်မားလာအောင် ကြိုးဆောင်ရွက်နေကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်ဆိုင်ရာ စက်ကိရိယာများ၊ တာဘိုင်အမျိုးမျိုးနှင့် တာဘိုင်သုံးအရန်ပစ္စည်းများ၊ တောင်ပေါ်ဒေသသုံး အသေးစားရေအားလျှပ်စစ်စက်များ၊ မြေပြင်ရေစီးအားသုံး တာဘိုင်ဒိုင်နမိုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ စပါးလုံး ရွေးစက်၊ စပါးအခွံချွတ်စက်၊ နွားစာစဉ်းစက်၊ စပါးခြွေလှေ့စက် စသည့် လယ်ယာသုံး စက်ကိရိယာများ၊ အထွေထွေသုံး စက်ပစ္စည်း ကိရိယာများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မောင်မြန်မာစုပါဂျစ်နှင့် ယာဉ်ငယ်အမျိုးမျိုး ထုတ်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးအားပေးပြီး စက်မှုဇုန်တိုးချဲ့နိုင်မည့်မြေနေရာကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နှစ်ပေ မီးချောင်း ၁၅ချောင်းခန့်အသုံးပြုနိုင်သည့် မြေပြင်ရေစီးအားသုံး တာဘိုင်ဒိုင်နမို လက်တွေ့အသုံးပြု ပြသမှုကို ကြည့်ရှုအားပေးကြသည်။

တွေ့ဆုံ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကလေးမြို့ အစိုးရနည်းပညာကောလိပ်သို့ရောက်ရှိကြပြီး အစိုးရနည်းပညာကောလိပ်နှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အစိုးရ နည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးသန်းဝင်းနှင့် အစိုးရ ကွန်ပျူတာကောလိပ် တာဝန်ခံကျောင်းအုပ် ဒေါ်အေးအေးသိန်းတို့က ကောလိပ်အလိုက် သင်ကြားလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းအင်အားအခြေအနေများ၊ ကောလိပ်များအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကောလိပ်အလိုက် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးထားမှုများကိုလည်းကောင်း၊ ကလေးမြို့ အစိုးရ နည်းပညာကောလိပ်နှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့တွင် အသစ်တည်ဆောက်သွားမည့် အဆောက်အအုံများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

လေ့ကျင့်သင်ကြား

ထို့နောက် အတွင်းရေးမှူး(၁)က ဆရာ၊ ဆရာမများအနေဖြင့် စာသင်ခန်းပေါင်အတွင်း၌သာ ပိတ်လှောင်မနေဘဲ လက်တွေ့ကျသည့်လုပ်ငန်းများ၊ ပြင်ပစက်မှုလက်မှုလုပ်ငန်းများနှင့် ယှဉ်တွဲဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင်တီထွင်ကြံဆ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်ထူးချွန်ထက်မြက်သူများအဖြစ် မွေးထုတ်ခံခဲ့ကြရပြီး ဖြစ်သကဲ့သို့ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကိုလည်း မိမိတို့ထက် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဆရာ၊ ဆရာမများကိုယ်စား ကျောင်းအုပ်ကြီး ဦးသန်းဝင်းနှင့် တာဝန်ခံကျောင်းအုပ် ဒေါ်အေးအေးသိန်းတို့အား လက်ဆောင်များ ပေးအပ်သည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းတွင် ကလေးမြို့ ဒေသခံတပ်ရင်း၌ တည်ဆောက်ထားသည့် ၁၀ကီလိုဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း:

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ ယူးချောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း:

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၆။ အကပဒေသာ
- ၅:၂၀ ၇။ ကျင်းသာရေလှောင်တမံ
- ၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၅:၄၅ ၉။ မြန်မာစာမြန်မာစကား
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success In Soccer.
- ၇:၁၀ ၁၅။ ဝင်ငွေတိုးစေဖို့ မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
- ၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း-၁၅)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေး ဆရာတော် အရှင်ဓမ္မသာရတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၈

မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖြစ် ဆရာတော် အရှင်ဓမ္မသာရ၏ တရားပွဲစဉ်များကို ဇန်နဝါရီ ၂၁ရက်နှင့် ၂၂ရက်တွင် အိမ်မဲမြို့ သာသနာ့ဗိမာန်ကြီး၊ ဇန်နဝါရီ ၂၃ရက်နှင့် ၂၄ရက်တွင် သာကေတမြို့နယ်၊ ၃/ရန်ပြေ မာဃဓမ္မာရုံကြီး၊ ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်တွင် မြောင်းမြမြို့ သာသနာ့ဗိမာန်ကြီးတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) အာဟာရသုခဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားတက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၌ ကျင်းပသည့် အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ မင်္ဂလာကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အာဟာရသုခ ဆွမ်းစားကျောင်းဆောင်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) အာဟာရသုခဆွမ်းစားကျောင်းဆောင်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇယာ ဘိဝံသ၊ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့် ကျောင်းတိုက်(ရန်ကုန်) ဥပဋ္ဌာက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၏ အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းဆောင်ကြီးရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားတွင် မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အလှူရှင် ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦးတို့က ဖဲကြိုးဖြတ်၍ အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးကို ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အာဟာရသုခ ဆွမ်းစား ကျောင်းဆောင်ကြီး၏ မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထိုအချိန်တွင် ဧည့်ပရိသတ်တို့က ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် အာဟာရသုခဆွမ်းစားကျောင်းဆောင်ကြီး ရေစက်ချအလှူတော် မင်္ဂလာ အခမ်းအနားကို အဆိုပါကျောင်းဆောင်ကြီး၏အပေါ်ထပ်၌ ဆက်လက်ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် တိပိဋကဓရ ရွေးချယ်ရေးဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဦးမောင်ရီ-သီဟသုဓမ္မသီရိ သုဓမ္မသီရိ ဒေါ်မညွန့်စိန်မိသားစုက အလိုတော်ပြည့်ကျောင်းတိုက် သဒ္ဓမ္မဝိဇယ ကျောင်းဆောင်(ခ) ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၄၀၀၊ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်)က ဓမ္မာစရိယ တက္ကသိုလ် သံဃာ့ဆေးရုံဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၀၀နှင့် သီရိသုဓမ္မဇောတိကဓဇ ဦးကျော်မင်း၊ ဦးသာအေး(Nile Industries Co., Ltd)တို့က ဓမ္မာစရိယတက္ကသိုလ် ဆွမ်းချက်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ကလက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က ကျောင်းလှူတ်ပူဇာအနုမောဒနာဂါထာကို ဖတ်ကြားပူဇော်ပြီး တေးသံရှင်ထားက ကျောင်းလှူတ်ပူဇာမင်္ဂလာ ဧကပိုဒ်ရတုဖြင့် သီဆိုပူဇော်သည်။

ရွတ်ဆိုဆုတောင်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အလှူရှင်တို့က အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော် မင်္ဂလာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးရွာသွန်းဖြိုးကြသည်။(သတင်းစဉ်)

☆ **တိပိဋကရေမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေရှိ (၅၆)ကြိမ်မြောက်တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ကျင်းပနေသည့် ဝိဇယမင်္ဂလာ ဓမ္မသဘင်သို့ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိပိဋကရေ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပျံစာသင်တိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇယာဘိဝံသအမှူးပြုသည့် တိပိဋကရေရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဝိဘင်္ဂပါဠိတော် (မြန်မာပြန်) စာအုပ်များနှင့် သင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မြကန်သာ(၂)လမ်းနေ World Peace IT Co.,ဥက္ကဋ္ဌ ဦးမောင်မောင်လှိုင်–ဒေါ်ဝါဝါထွန်း၊ သမီး မဟေမာန်ထွန်း မိသားစုတို့က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော် ခုဒ္ဒကနိကာယ်ဝင် အဘိဓမ္မာ ပိဋက ဝိဘင်္ဂပါဠိတော် (မြန်မာပြန်) ဒုတိယတွဲစာအုပ် အုပ်ရေ ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင်များ လှူဒါန်းသည့် ဝိဘင်္ဂပါဠိတော် (မြန်မာပြန်)ဒုတိယတွဲစာအုပ်များကို သာသနာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံရယူသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အကြီးစား ပြုပြင်မွမ်းမံနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးညွှန့်မောင်စန်းနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ညနေပိုင်းတွင် ကမ္ဘာအေးကုန်းမြေမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ကမာရွတ်မြို့နယ် မြကန်သာ(၂)လမ်းနေ World Peace IT Co.,ဥက္ကဋ္ဌ ဦးမောင်မောင်လှိုင်–ဒေါ်ဝါဝါထွန်းမိသားစုတို့က ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်ခုဒ္ဒကနိကာယ်ဝင် အဘိဓမ္မာ ပိဋက ဝိဘင်္ဂပါဠိတော်(မြန်မာပြန်) ဒုတိယတွဲစာအုပ် အုပ်ရေ ၁၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ **စာမျက်နှာ ၉မှ**

ထို့နောက် ကလေးမြို့ဓမ္မာရုံကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကျောင်းအုပ်ကြီး ဦးစိန်လွင်နှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပညာရေးဆိုင်ရာကိစ္စများကို မေးမြန်းမှာကြားသည်။

ထိုမှတစ်ဆင့် ကလေးမြို့ ထာကိုပါတီဘုရားကျောင်း မဟာဗောဓိစေတီတော်ရှိ လုံးပတ် ၁၅ပေခွဲ၊ အမြင့်ကိုးပေရှိ ရုပ်ပွားတစ်ထောင် ရေဆန်ကျွန်းမြတ်ကို ဖူးမြော်ကြည်ညို၍ အတွင်းရေးမှူး(၁)က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကလေးကုသဆောင်၊ သားဖွား မီးယပ်ဆောင်၊ အထူးကြပ်မတ်ကုသခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အသစ်တည်ဆောက်ပြီးစီးသွားသည့်ခွဲစိတ်/သားဖွား နှစ်ထပ်ဆောင်နှင့် ခွဲစိတ်ခန်းများ၊ သားဖွားခန်းများ ခွဲခြားဖွဲ့စည်းထားမှု၊ ခေတ်မီဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းတပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ခွဲစိတ်၊ သားဖွားနှစ်ထပ်ဆောင် တည်ဆောက်ရေး ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းက ကလေးခရိုင် ပြည်သူ့ဆေးရုံ၏ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများနှင့် ဝန်ထမ်းအင်အား အခြေအနေများ၊ ဆေးဝါးများ၊ ခေတ်မီဆေးရုံသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်တင်းရရှိထားမှုများ၊ ဒေသ၏အဖြစ်များသည့် ရောဂါများနှင့် ကုသပေးနိုင်မှုများ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့၏ နယ်လှည့်ဆေးကုသမှုများ၊ ဆေးပဒေသာပင် စိုက်ထူထားနိုင်မှုများ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များ မှာကြားပြီး အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကလေးတပ်နယ်ခန်းမဆောင်၌ကလေးနှင့် ကလေးဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

✧ **စာမျက်နှာ ၇ မှ**

မြန်မာ့တီထွင်သူများသမဝါယမအသင်းလီမိတက်၏ ဇီဝဓာတ်ငွေ့သုံး အင်ဂျင်စက် (Biomass Gas Engine)နှင့် စွန့်ပစ်ဇီဝပစ္စည်းများကို အပူပေး၍ ဓာတ်ငွေ့ထုတ်လုပ်ပြီး ဇီဝဓာတ်ငွေ့စွမ်းအင်ဖြင့် အင်ဂျင်စက်လည်ပတ်ခြင်း ပြသနေမှုကိုလည်းကောင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် သမဝါယမအသင်းများမှ ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း သမဝါယမအသင်းများနှင့် ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများက ထုတ်လုပ်သည့် သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများ ပြခန်းနှင့် ပရိဘောဂပစ္စည်း ထုတ်လုပ်လုပ်မှုပြခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

စက်မှုဇုန်မော်တော်ယာဉ်များ

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာစံပလာဇာဝင်းအတွင်း၌ ခင်းကျင်းပြသထားသည့် ကလေးမြို့ စက်မှုဇုန်၊ အေးသာယာစက်မှုဇုန်၊ မော်လမြိုင်စက်မှုဇုန်၊ တောင်ဒဂုံ စက်မှုဇုန်(၃)၊ မုံရွာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်များ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်သည့် မော်တော်ယာဉ်အမျိုးအမျိုးနှင့် လျှပ်စစ်ဓာတ်အားပေးစက်တို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်း သမဝါယမအသင်း ထုတ်ကုန်ပစ္စည်းပြခန်းမှဆန်အရောင်းပြခန်း၊ အဏ္ဏဝါဒေဝီ ပင်လယ်ငါးဖမ်းကုန်ထုတ် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ အနီတောင်သန္တာ ကျောက်ငါး (Red Coral Gruuper) မွေးမြူမှုပြခန်း၊ အရှေ့တိုင်းရိုးမကုမ္ပဏီလီမိတက်၏ ကမ္ဘာ့အံ့ဖွယ် ကျန်းမာရေးကုသစက်ပြခန်း၊ ပုဂ္ဂလိက စာအုပ်အရောင်းဆိုင်ပြခန်းနှင့် ဆရာစံပလာဇာမျက်နှာစာ၌ ခင်းကျင်းပြသထားသော ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို အသေးစိတ် လှည့်လည်ကြည့်ရှုအားပေးရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ကို ပွဲတော်လာပြည်သူတို့၏ တောင်းဆိုမှုအရ ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ရက်နှစ်ရက်တိုးမြှင့်ကာ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ ဆက်လက် ခင်းကျင်းပြသရောင်းချသွားမည်။

အင်းလျားကန်သန့်ရှင်းရေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန်သန့်ရှင်းသာယာရေး ဆောင်ရွက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာ ဦးထွန်းသန်းထွန်း၊ရေနှင့် သန့်ရှင်းမှုဌာန ဒုတိယဌာနမှူး ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အင်းလျားကန်သန့်ရှင်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကန်ရေပြင်ရေတိမ်ပိုင်းရှိ သဲ၊ နုန်းများအား စက်ယန္တရားဖြင့် တူးဖော်ဆယ်ယူနေမှု၊ ကန်ရေပြင်ရှိ မှော်၊ ဒိုက်၊ ပကန်နှင့် ဗေဒါများဆယ်ယူမှု၊ အင်းလျားကန်ဘောင်နှင့် လူသွားစင်္ကြံ ပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အင်းလျားကန်၏ သဘာဝအခြေအနေများ ရေရှည်တည့်တံ့ရေး၊ သန့်ရှင်းသာယာရေးတို့အတွက် စနစ်တကျ ထိန်းသိမ်းကြရေး မှာကြားပြီး ညနေ ၅နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အလှူရှင် ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦးတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်) အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးဖွင့်ပွဲနှင့် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားတွင်အာဟာရသုခ ဆွမ်းစားကျောင်းဆောင်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်း–၁၀)(သတင်းစဉ်)



ပန်းဝတ်ရည်ကဗျာများ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၈

ကဗျာဆရာ မောင်ထွန်းရီ၊ သူရဇော်နှင့် မောင်သက်ကြူတို့ ရေးသားသော ပန်းဝတ်ရည်ကလေးကဗျာများ စာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ်(၁၅၃) ၅(က)လွှာ ဆုပြည့်စုံထွန်းစာပေ ဖုန်း–၇၂၁၀၆၇၊ ၇၀၆၄၁၄ က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

(အပေါ်ပုံ) (က–ပ)

ရန်ကုန်–မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်း ရန်ကုန်–ညောင်လေးပင်လမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ မြန်မာ့မီးရထား လက်ထောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသန်းဦးက စက်ရုံ တည်ဆောက်မည့် မြေနေရာအခြေအနေ၊ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းစနစ်ကျနစွာနှင့် အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းသုံး ပစ္စည်းများကိုလည်း လျင်လျင်မြန်မြန် စုပုံသိုလှောင်သုံးစွဲ၍ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြွန်တန်ဆာဘူတာမှ DRC သံလမ်းပြေး ရထားဖြင့် ရန်ကုန်–မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် (၈၄) တံတားအမှတ် ၁၁၆ ခြောက်တန် တံတားကို လည်းကောင်း၊ မိုင်တိုင် အမှတ် (၈၂)နှင့် မိုင်တိုင် အမှတ်(၇၂) တွင် လမ်းပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို ပွင့်လင်းရာသီ၌ စဉ်ဆက်မပြတ် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန်၊ လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့မီးရထား ကျောက်ဖြည့်တင်းစုပုံရေးစခန်း(ဘုရားကြီး)၌ သံလမ်းခင်းကျောက်များစုပုံခြင်း၊ အရွယ်အစားအလိုက် ကြိတ်ခွဲခြင်းနှင့် သံလမ်းများ စုပုံဖြည့်ဆည်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ရိုက်သွင်းဖြည့်စက်ဖြင့် သံလမ်းခင်းကျောက်များ ဖြည့်သွင်းရိုက်သွင်းခြင်း၊ ကွန်ကရစ်ဇလီဖား လဲလှယ်ခြင်း၊ လမ်းမျက်နှာပြင်ညှိခြင်းနှင့် ၇၅ပေါင် သံလမ်းသုံးချောင်းဆက် သံလမ်းများလဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ တံတားအမှတ် (၆၅) ရွှေလေ့တံတားကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ရန်ကုန်–မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ရန်ကုန်–ညောင်လေးပင် ရထားလမ်းအပိုင်းရှိ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဇန်နဝါရီ ၁၇ရက်က အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း လူမှုဖူလုံရေးအဖွဲ့တွင် အကြာမြင့်ဆုံး တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ရှေ့နေချုပ်နှင့် ပြည်နယ်/ တိုင်း ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်နှင့် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အဖွင့်အမှာစကားပြောကြားရာ၌ ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများသည် အတွေ့အကြုံများ ရရှိပြီးသူများ ဖြစ်ကြ၍ ဥပဒေရုံးများ၏ လုပ်ငန်းပိုင်းဆောင်ရွက်ရာတွင် နည်းစနစ်ကျစေရန်၊ ထူးချွန်ထက်မြက်ပြီး အရည်အသွေး မြင့်မားသူများ ဖြစ်လာစေရန်၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များဖြစ်လာစေရန် အမြဲကြိုးစားကြရန် လိုအပ်ကြောင်း၊ ဥပဒေအရာရှိများ အရည်အသွေး မြင့်မားကောင်းမွန်မှ ဥပဒေရုံးများလည်း အရည်အသွေးမြင့်မားသည့် ရုံးများဖြစ်လာပြီး ပြည်သူများက ယုံကြည်ကိုးစားထိုက်သော ရုံးများဖြစ်လာမည်ဖြစ်ကြောင်း၊ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံး အဆင့်ဆင့် အရည်အချင်းမြင့်မားရေး၊ ဥပဒေအရာရှိများသည် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ရေး၊ ကိုယ်ကျင့်သိက္ခာ အစွန်းအထင်း မရှိအောင် ကျင့်ကြံဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ရှေ့နေချုပ်ရုံးခွဲ (မန္တလေး)နှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများက အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ မြန်မာအားကစားသမားများ ဗိုလ်လုပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၈

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (TFM)တို့ ကြီးမှူးကျင်းပသော အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာတင်းနစ်ကစားသမားများ ဗိုလ်လုပွဲသို့ အသီးသီး တက်ရောက်နိုင်ခဲ့ကြသည်။

ဒုတိယအကျော့ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက ပါကစ္စတန်မှ BABAR အား ၇–၅၊ ၄–၆၊ ၆–၄ ဖြင့်လည်းကောင်း၊ မွန်ဂိုလီးယားမှ MUNKHBAATAR က မြန်မာအသင်းမှ ဝင်းထက်ပိုင်အား ၆–၀၊ ၆–၀ ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီး တစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မလေးရှားမှ NOORDIN က မလေးရှားမှ VYTHINATHAN အား ၆–၁၊ ၆–၂ ဖြင့်လည်းကောင်း၊ သီရိလင်္ကာမှ ARUDPRAGASAM က မလေးရှားမှ THIRUMALAI-CHELVAM အား ၆–၄၊ ၆–၃ ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား နှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက မလေးရှားမှ KWANG နှင့် SHANMUGAM တို့အတွဲအား ၆–၄၊ ၆–၃ ဖြင့်လည်းကောင်း၊ ပါကစ္စတန်မှ BABAR နှင့် NAZIR တို့အတွဲက မြန်မာအသင်းမှ ဇင်ဘိုနှင့် အောင်ကျော်နိုင်တို့ အတွဲအား ၆–၄၊ ၆–၀ ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီး နှစ်ယောက်တွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် သီရိလင်္ကာမှ ARUDPRAGASAM နှင့် JA-YAWICKREMA တို့အတွဲက မလေးရှားမှ NOORDIN နှင့် VYTHINATHAN တို့အတွဲအား ၄–၆၊ ၆–၁၊ ၆–၂ ဖြင့်လည်းကောင်း၊ သီရိလင်္ကာမှ JAYATILAKA နှင့် မလေးရှားမှ THIRUMALAI-CHELVAM တို့အတွဲက မြန်မာအသင်းမှ ခိုင်ငြိမ်းသာနှင့် မိုးချစ်သဲတို့ အတွဲအား ၆–၇၊ ၆–၂၊ ၆–၄ ဖြင့် လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၁၉ရက် နံနက် ၈နာရီခွဲတွင် စတင်၍ လည်းကောင်း၊ ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ညနေပိုင်းတွင် လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန် (၂) ဒုတိယအကျော့ တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖြိုးမင်းသာ ယှဉ်ပြိုင်စဉ်။

(ကြေးမုံ)

ဗန်းမော်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ဗန်းမော်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရား တောင်ဘက်မုခ် မြန်မာ့သစ်လုပ်ငန်း ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲတို့ကို တစ်ပါတည်း ကျင်းပမည် ဖြစ်သည်။ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူး တစ်ဘာသာအထက် ရရှိသူ အသင်းဝင်များ၏ သားသမီးများမှာ အထောက်အထားများဖြင့် ဥက္ကဋ္ဌ ဦးစိန်မောင် ဖုန်း–၅၄၃၃၀၄၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာဦးအေးမောင် ဖုန်း– ၅၄၂၃၆၆၊ ဘဏ္ဍာရေးမှူး ဒေါ်ထွေးထွေး ဖုန်း– ၅၁၃၅၂၅တို့ထံ ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် စံပြကျွန်းစိုက်ခင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီး၌ ပြုလုပ်သော ရောဂါရှာဖွေရေးဌာန(ဓာတ်ခွဲခန်း) အဆောက်အအုံသစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာခင်မောင်ဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းအေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဒီမောဆိုမြို့နယ် နန်းဟူးတွေကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ သောက်သုံးရေကန် ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် လွိုင်ကော်–အောင်ပန်းကားလမ်းဘေးရှိ စံပြကျွန်းစိုက်ခင်း (၂၀၀၃/၂၀၀၄) သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးက စိုက်ပျိုးသစ်ပင်များ ရှင်သန်စေရေး မှာကြားသည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအားဖူးမြော်

ရန်ကုန် ဇန်နဝါရီ ၁၈

မန္တလေးမြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ မဏိရတနာရာမ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသအား သွားရောက်ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝါဆိုကျောင်း မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ ရောက်ရှိပြီး ရွှေကျင်သာသနာပိုင် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ (ဝါဆိုဆရာတော်)အား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဝိနယ နယူပဒေသ ကျောင်းမစိုးရိမ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသာမိ ဘိဝံသအား သွားရောက်ဖူးမြော် ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိကြပြီး မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တပ်မတော်အရိုးကုဆေးရုံကြီးအတွက် မေတ္တာမွန်အဖွဲ့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

(၅၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်အရိုးကု ဆေးရုံကြီး(ခုတင်-၅၀၀)၌ အသုံးပြုရန်အတွက် စမ်းချောင်းမြို့နယ် ရှိုင်းဟုပ်ကုမ္ပဏီ မေတ္တာမွန်အဖွဲ့မှ သွေးလှူရှင်၅၀တို့၏ စုပေါင်းသွေးလှူခြင်းနှင့် ငွေကျပ်တစ်သိန်းလှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်မတော် အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းနှင့် တပ်မတော်အရိုးကု ပါရဂူများ၊ ဆရာဝန်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်အရိုးကု ဆေးရုံကြီး (ခုတင်-၅၀၀) တပ်မှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းက လှူဒါန်းငွေကျပ်တစ်သိန်းကို လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင် စကားပြောကြားသည်။

(သတင်းစဉ်)

(၅၆)နှစ်မြောက်မြန်မာ့လွတ်လပ်ရေးနေ့ ညစာစားပွဲ ယူကေနိုင်ငံ လန်ဒန်မြို့တွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ယူကေနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအတွက် မြန်မာအသင်းကြီး(ယူကေ)၏ ဦးဆောင်မှုဖြင့် လန်ဒန်မြို့ရှိ Chiswick Towh Hall ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာအသင်းကြီး(ယူကေ)၏ နာယကကြီးများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများအပါအဝင် ယူကေနိုင်ငံတွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားများ၊ နိုင်ငံခြားသားများ စုစုပေါင်းအင်အား ၃၀၀ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအသင်းကြီး (ယူကေ)၏ အမြဲတမ်းနာယက ယူကေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်းနှင့် မြန်မာအသင်းကြီး(ယူကေ)၏ဥက္ကဋ္ဌ ဦးနေဝင်းတို့က လွတ်လပ်ရေးနေ့ နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာအသင်းကြီး(ယူကေ)၏ နာယက ပါမောက္ခ ဦးတိုနီလှဖေနှင့် Myanmar Britain Business Association (MBBA)၏ အမှုဆောင်အဖွဲ့ဝင် Mr. Keith Win က မြန်မာအသင်းဝင်များအတွက် အကူအညီပေးနိုင်မည့် အနေအထားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာထူးချွန်ကြသည့် ကျောင်းသား၊ ကျောင်းသူလေးဦးတို့အား ဂုဏ်ပြုလွှာနှင့် ဆုများချီးမြှင့်ပြီး ယူကေနိုင်ငံရောက် မြန်မာကျောင်းသား၊ ကျောင်းသူကလေးများက မြန်မာ့ရိုးရာ အဆို၊ အကများဖြင့် ကပြဖျော်ဖြေကြသည်။**(ဓာတ်ပုံ)** ထို့နောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ၍ လွတ်လပ်ရေးနေ့ အခမ်းအနားကို ညနေ ၄နာရီတွင် နိုင်ငံတော်သီချင်း သံပြိုင်သီဆိုပြီး အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

❍ **အိုင်စီတီဖန်တီးမှုမှ ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီများမှ တာဝန်ရှိသူများကို တွေ့ဆုံကာ ပြပွဲနှင့် ဆွေးနွေးပွဲများအကြောင်း တွေ့ဆုံမေးမြန်းခဲ့သည်။**

ကြေးမုံသတင်းအဖွဲ့သည် ပထမဦးစွာ ပြပွဲတာဝန်ရှိသူ Myanmar ICT Development Corporation မှ Managing Director ဦးအောင်ဇော်မြင့်အား သွားရောက်တွေ့ဆုံကာ တတိယအကြိမ် Myanmar ICT ရက်သတ္တပတ် ပြပွဲနှင့် ဆွေးနွေးပွဲများကျင်းပခြင်း အကြောင်းကို မေးမြန်းခဲ့သည်။

ဦးအောင်ဇော်မြင့်က "ကျွန်တော်တို့အနေနှင့် ICT Park ရဲ့ ရက်သတ္တပတ်ပြပွဲနှင့် ဆွေးနွေးပွဲများကို ကျင်းပခဲ့တာ အခုဆိုရင် တတိယအကြိမ် ရောက်ခဲ့ပြီ ဖြစ်ပါတယ်။ အခုလို ကျင်းပရခြင်းရဲ့ အဓိကရည်ရွယ်ချက်က သုံးခုရှိပါတယ်။ ပထမအချက်အနေနှင့်ကတော့ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း မြန်မာနိုင်ငံရဲ့ ICT ကဏ္ဍမှာ တိုးတက် ဖန်တီးမှုတွေ၊ တိုးတက်ပြောင်းလဲမှုတွေကို ပြသသွားမှာဖြစ်ပါတယ်။ ဒုတိယ အချက်ကတော့ နိုင်ငံတကာမှာ ဖြစ်ပေါ်တိုးတက်နေတဲ့ ICT နည်းပညာတွေ၊ ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေ၊ အခြားသော Technologyနှင့် ပတ်သက်တာတွေ အားလုံးကို ကျွန်တော်တို့ မြန်မာပြည်သူတွေ သိရှိနိုင်အောင် ဖြစ်ပါတယ်။ တတိယ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ စက်ရုံ၊ အလုပ်ရုံတွေကို ရည်မှန်းချက်ထားပါတယ်။ အဲဒီ စက်ရုံ၊ အလုပ်ရုံတွေမှာ ICT နည်းပညာကို ဘယ်လိုသုံးလို့ရမလဲ၊ သုံးနိုင်တာ ဘာတွေရှိသလဲ၊ ဒီလိုသုံးခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်မလဲဆိုတာကို ဦးတည်ချက်ထားပြီးတော့ ပညာပေးဟောပြောပြသပွဲတွေ လုပ်ပေးပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အဲဒီစက်ရုံအလုပ်ရုံတွေမှာ ICT နည်းပညာသုံးပြီး သူတို့ရဲ့စက်ရုံ၊ အလုပ်ရုံတွေ တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မနှစ်ကဆိုရင် စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ICT ဘယ်လို သုံးရမလဲဆိုတဲ့ ဆောင်ပုဒ်ကို အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် ဒီဇိုင်းတွေဘယ်လိုဆွဲတယ်၊ ကုန်ပစ္စည်းတွေကို ဘယ်လို ရောင်းဝယ်တယ်ဆိုတာတွေကို ပြသခဲ့ပါတယ်။

ဒီနှစ်မှာတော့ ICT Industry မှာ အဓိက ကဏ္ဍဖြစ်တဲ့ Software Industry ဖွံ့ဖြိုးတိုးတက်အောင် Software Industry Development ဆိုတဲ့ ခေါင်းစဉ်ကို ရွေးချယ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုဆက်ပြီးတော့ ဒီပြပွဲမှာခင်းကျင်းပြသမယ့် အပိုင်းကို တင်ပြသွားပါမယ်။ ကျွန်တော်တို့ပြပွဲက အခြားပြပွဲတွေလို ပစ္စည်းတွေတင်ပြ ရောင်းချတဲ့ပွဲတော့ မဟုတ်ပါဘူး။ နည်းပညာတွေ ဘယ်လိုဖြစ်ပေါ် တိုးတက်လာတယ်ဆိုတာကို သိစေချင်တဲ့အတွက်ကြောင့် ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကိုလုပ်ပေးရခြင်းဖြစ်ပါတယ်။ အဲဒီအပြင် Products တွေ မြှင့်တင်ဆောင်ရွက်တာလည်း ပါမှာဖြစ်ပါတယ်။

အဲဒါတွေအပြင် နိုင်ငံတော်အဆင့် လုပ်ငန်းတွေမှာလည်း ပါဝင်လုပ်ဆောင်ဖို့ ရှိပါတယ်။ တစ်ခုကတော့ e-Visa ကိစ္စပါပဲ။ အဲဒါကတော့ နိုင်ငံတကာကနေ မြန်မာပြည်ကို လာလိုတဲ့ခရီးသည်တွေအတွက် ဗီဇာလိုချင်တယ်ဆိုရင် သံရုံးသွားစရာမလိုဘဲ အင်တာနက်ကနေ ဗီဇာလျှောက်နိုင်တဲ့စနစ်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတော်က ဝယ်ယူရေးတွေအားလုံးကို on-line စနစ်နှင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရောင်းဝယ်တာတွေ၊ မှတ်ပုံတင်တာတွေကို သမားရိုးကျ လုပ်တဲ့အခါမှာ မှတ်ပုံတင်ရုံး ရှိရမှာဖြစ်ပါတယ်။ အဲဒီရုံးမှာသွားပြီး တရားဝင် မှတ်ပုံတင်ရပါမယ်။ အခုအခါမှာတော့ အင်တာနက်ပေါ်မှာပဲ ရောင်းဝယ်ကြမှာ၊ မှတ်ပုံတင်ကြမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို အင်တာနက်ပေါ်မှာပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ICT တိုးတက်ဖို့အတွက် ကွန်ပျူတာတွေ ပေါပေါများများ သုံးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကွန်ပျူတာတွေ ဈေးသက်သက်သာသာနှင့် ရောင်းနိုင်ဖို့ ဖြစ်ပါတယ်။

ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေနှင့် ပတ်သက်လို့ ကတော့ အဓိက Software Industry နှင့်ဆိုင်တဲ့ ဟောပြောပွဲတွေ လုပ်သွားမှာဖြစ်ပါတယ်။ အဲဒီမှာတော့ လုပ်ကိုင်တဲ့သူတွေအတွက် အသိအမှတ်ပြု လက်မှတ်တွေရအောင် ဘယ်လိုဆောင်ရွက်မလဲ၊ နောက်တစ်ခုကတော့ Software လုပ်ဆောင်မည့် ကုမ္ပဏီတွေကို ကမ္ဘာက အသိအမှတ်ပြုလက်ခံထားတဲ့ စံနှုန်းနှင့် အညီဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲ၊ နောက်ပြီး Software တွေကို ထုတ်လုပ်တဲ့နေရာမှာ တိုးတက်တဲ့နည်းပညာ အသုံးပြုမှုတွေ၊ Software တွေရေးတဲ့အခါ Hardware တွေ ဘယ်လိုပြောင်းလဲသလဲဆိုတာတွေကို အဓိကဆွေးနွေးဟောပြောကြမှာ ဖြစ်ပါတယ်။

နည်းပညာပိုင်းနှင့် ပတ်သက်လို့ကတော့ မြန်မာအက္ခရာတွေထွက်ရှိအောင် လုပ်နေတာတွေ၊ အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ အသုံးပြုနိုင်မည့် Software ထုတ်လုပ်မှုတွေ အကြောင်း၊ Wireless တွေ Broadband တွေနှင့် ပတ်သက်တဲ့ ထုတ်လုပ်မှုတွေအကြောင်း၊ Security နှင့် ပတ်သက်တဲ့ ထုတ်လုပ်မှုတွေအကြောင်း ဟောပြောဆွေးနွေးမှာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ အခုပြပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်တွေအတွက်လည်း မြန်မာနိုင်ငံရဲ့ ICT ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုတွေကို သိရှိလာနိုင်မယ်။ ကမ္ဘာ့အရပ်ရပ်က နောက်ဆုံးပေါ် ပစ္စည်းတွေ၊ Technologies တွေကို ကြည့်ရှုလေ့လာနိုင်မှာ ဖြစ်ပါတယ်။

ICT ကုမ္ပဏီတွေအနေနှင့်လည်း သူတို့ Products တွေကို တင်ပြနိုင်တယ်၊ ဈေးကွက်အသစ်တွေ ရလာနိုင်တယ်ဆိုတဲ့ အကျိုးကျေးဇူးတွေ ရလာနိုင် ပါတယ်။ မနှစ်ကထက် ဘာတွေပြောင်းလဲလာသလဲဆိုတော့ ပါဝင်ပြသလာတဲ့ ကုမ္ပဏီတွေ များလာတယ်။ လာကြည့်တဲ့လူတွေကလည်း ပစ္စည်းတွေကို လာကြည့်ရုံ မဟုတ်ဘဲ နည်းပညာပိုင်းတွေကိုပါ စိတ်ဝင်စားလာတာတွေ့ရတယ်။ နောက်ပြီး ပြည်တွင်းက ထုတ်လုပ်တဲ့ Software တွေကလည်း အရေအတွက်ရော အရည်အချင်းပါ မြင့်မားလာတာတွေ့ရတယ်။

အခုပြပွဲကို ပြည်တွင်း ကုမ္ပဏီ ၅၀ လောက်လာရောက်ပြသကြပါမယ်။ နိုင်ငံခြားက လာရောက် အလုပ်လုပ်နေကြတဲ့ ကုမ္ပဏီ ၂၀လည်း ပါဝင်မယ်။ နိုင်ငံတကာက ဆိုရင်လည်း ထိုင်း၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)တို့က ကွန်ပျူတာနှင့် ပတ်သက်တဲ့ ကုမ္ပဏီတွေလာကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနှင့်ကတော့ အခုလို ICT Week ကို နှစ်စဉ်နှစ်တိုင်း ပြသသွားပါမယ်။ ဒီပြပွဲကို ရန်ကုန်မှာသာမကဘဲ မန္တလေးမှာပါ ပြသသွားပါမယ်လို့ ပြောကြားလိုပါတယ်"ဟု ကြေးမုံသို့ ရှင်းလင်း ပြောကြားခဲ့သည်။ ။

(ကြေးမုံ)

"ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း မြန်မာနိုင်ငံရဲ့ ICT ကဏ္ဍများ တိုးတက်ဖန်တီးမှုတွေ၊ တိုးတက်ပြောင်းလဲမှုတွေကို ပြသသွားမှာ ဖြစ်ပါတယ်" ဟု Myanmar ICT Development Corporation မှ Managing Director ဦးအောင်ဇော်မြင့်က ကြေးမုံသို့ ရှင်းပြစဉ်။

ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

မြန်မာ့မီးရထား အငြိမ်းစားများအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မီးရထားရုံးချုပ် မြေညီထပ်အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ နံနက် ၁၁ နာရီအရောက် ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

(က–ပ)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၁၆၂)နေ
(ဆရာဦးသန်းဖေ၊ အ–ထ–က၊ ပျော်ဘွယ်)–ဒေါ်မြသိန်းခင်တို့၏သား

မောင်ဖေသန်းထိုက် (B.Arch)

အုပ်ချုပ်မှုဒါရိုက်တာ

ဂန္ထဝင်ဗိသုကာကုမ္ပဏီ (Classical Architect Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၉၀)၊ အမှတ်(၃၇)နေ
ဦးမြိုင်လေး(ဌာနခွဲမှူး–ငြိမ်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊
အမှတ်(၁)စက်မှုဝန်ကြီးဌာန)–ဒေါ်ခင်လှဝင်းတို့၏သမီးငယ်

မချိုချိုအေး B.Sc(Hons:)(Physics)Q.
Diploma in Accounting(U.K)
(Myanmar Citra Electrical Co.,Ltd.)

တို့၏ ၁၈–၁–၂၀၀၄ ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဇနီး ဒေါ်ထွေးရီ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဇနီး ဒေါက်တာသီသီအေး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့်ဇနီး၊ ရဲထောက်ချုပ် ဦးဝင်းစိုးနှင့်ဇနီး၊ ရန်ကုန်နည်းပညာတက္ကသိုလ် အငြိမ်းစား ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်ဝင်းနှင့်ဇနီး၊ ဒုတိယဗိုလ်မှူးကြီးရန်မောင်နှင့်ဇနီး၊ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်နှင့်ဇနီး၊ ဦးအောင်ဇော်ဝင်း အုပ်ချုပ်မှုဒါရိုက်တာ(ရှိုင်းဆောက်လုပ်ရေး)နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်သရုပ်ဆောင် လှအဥ္စလီတင့်၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မချိုလှဲ့လှဲ့ဝင်းနှင့် မဖြိုးအိအိဝင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော The Aces တေးဂီတနှင့် စတီရီယိုတေးသံရှင်များ၊ သတို့သားဝတ်စုံ ချုပ်လုပ်ပေးသော ကိုင်ရှိ အပ်ချုပ်ဆိုင်၊ မိတ်ကပ်နှင့်ဆံပင် အောင်အောင်၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညှပ်နှင့် အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၆–၁–၂၀၀၄ ရက်တွင် M3 Food Center ၌ ကျင်းပသော "နေကာဟ်ရာဒီ" စေ့စပ်ကြောင်းလမ်းပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဖေသန်းထိုက်–မချိုချိုအေး။

လက်ထပ်မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးငွေအောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း)–
ဒေါ်ချော (အထက–၃၊ ဒဂုံ)တို့၏ တစ်ဦးတည်းသောသား

မောင်ကောင်းမြတ်အောင်

Certified Accounting Technician
ACCA (London)
Diploma in French (Alliance)

နှင့်

ပုသိမ်မြို့နေ ဦးစိုးဝင်း (တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)–
(ဒေါ်ခင်သန်း)တို့၏ သမီးငယ်

မဖြူဖြူဝင်း

B.Com.CPA
ACCA (London)
Auditor, Leroy Ried & Co. (London)

တို့သည် လန်ဒန်မြို့ Registered Office, District of Wandsworth တရားရုံး၌ လက်ထပ်ပြီးဖြစ်ပါသဖြင့် ၁၇–၁–၂၀၀၄ရက်နေ့တွင် အင်းယားကန်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာ ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ဝိုင်းဝန်းကူညီပေးကြသူများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းမြတ်အောင်–မဖြူဖြူဝင်း။



အထွေထွေအင်္ဂလိပ်စာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

PES (Practical English Speaking) U Win Maw (Research) အင်္ဂလိပ်စကားပြော သင်တန်းတွင် တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် အင်္ဂလိပ်ဘာသာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်မှုဆိုင်ရာ General English Courses သင်တန်းများဖြစ်သည့် အခြေခံ Grammar နှင့် Speaking လေးလ၊ အဆင့်မြင့် English Grammar လေးလ၊ အဆင့်မြင့် Spoken English လေးလ၊ အဆင့်မြင့် Vocabulary & Reading လေးလ၊ အသံထွက် သဒ္ဒဗေဒပညာရပ် Phonetics တစ်လခွဲ စသည့် လစဉ် ပုံမှန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။ TOEFL, IELTS, KET, GCE, LCCI စသည့် သင်တန်းများကိုလည်း များစွာ အထောက်အကူပြုလျက်ရှိသည်။

အဆင့်မြင့် English Grammar လေးလနှင့် အဆင့်မြင့် Vocabulary & Reading လေးလ သင်တန်းတက်နေသူများအတွက် အဆင့်မြင့် Essay နှင့် Letter ရေးနည်းသင်တန်းများကို အထူးအစီအစဉ်သစ် တစ်ရပ်အနေဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ် သိလိုပါက အမှတ် (၁၈) ရတနာလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ယုဇနကုန်တိုက်အနီး ရန်ကုန်မြို့ ဖုန်း–၅၀၃၉၈၄နှင့် ၂၂၂၄၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ယနေ့ခေတ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁၈

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့ခေတ် ဘာသာစုံပညာရေးလမ်းညွှန်ဂျာနယ် အတွဲ(၂) အမှတ်(၁၂)ကို ရွှေနန်းမှန်ကူစာအုပ်တိုက် ဖုန်း–၂၄၅၀၂၄က ဖြန့်ချီလိုက်သည်။ ဘာသာရပ်ဆိုင်ရာ ပို့ချမှုများဖြင့် ပြည့်ပြည့်စုံစုံ တင်ပြထားသည်။**(ဝဲပုံ)**(က–ပ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ဖွင့်လှစ်သည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီးအသစ်များသင်တန်းသို့ တက်ရောက်ရန် ထွက်ခွာသွားသော ဦးလှတင့်၊ ဦးဝင်းချို၊ ဦးမျိုးဝင်းနှင့် ဦးထွန်းရီ တို့အား ဇန်နဝါရီ ၁၆ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (ကြေးမုံ)

ရှင် ၁၀၈ပါး ရှင်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက် မိသားစု၏ အဋ္ဌမအကြိမ် ရှင် ၁၀၈ပါး ရှင်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး လှူဒါန်းပွဲများကို ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာတွင် ဇန်နဝါရီ ၁၀ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရှင်ပြုပွဲကို တိန်ပြင်ကျေးရွာ ဇမ္ဗူထိန်လင်းကျောင်းတိုက်၌ ကျင်းပရာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ပြည်တွင်း၊ပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသနှင့် ပင့်သံဃာတော်အရှင်မြတ် ၄၅ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အလိုတော်ပြည့်ဆရာတော်ကြီးထံမှ အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသနှင့် အလှူရှင် သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရဦးသန်းနိုင်၊ သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ မိသားစုတို့ကဆောက်လုပ် လှူဒါန်းခဲ့သော တိန်ပြင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း စာကြည့်တိုက်၊ ကျေးလက်ဆေးပေးခန်း၊ တံတား၊ ရေတွင်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဒေသခံပြည်သူလူထု ၁၀၀၀တို့အား စောင်၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်ဦးသန်းနိုင်က စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ စာကြည့်တိုက်တို့နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များသို့ လွှဲပြောင်းပေးအပ်သည်။

သမ္မတ နိဗ္ဗာန်ကုန်နှင့်သက်န်းတိုက် မိသားစု၏ ရှင်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး လှူဒါန်းပွဲတွင် ရခိုင်ရိုးရာအကပဒေသာများ၊ ရိုးရာအားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး လှူဒါန်းမှုအရပ်ရပ်၏ တန်ဖိုးစုစုပေါင်းမှာ ကျပ်သိန်း ၄၅၀ ရှိကြောင်း သိရသည်။

(က-ပ)

ကလေးများအတွက် ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

နွေရာသီ ကျောင်းပိတ်ရက်တွင် ကလေးများ၏ အားလပ်ရက်လေးများကို တန်ဖိုးရှိစွာ အချိန်ကုန်နိုင်စေရန်အတွက် TECH Training Centre တွင် Computer & English for kid သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းတွင် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောကို နားလည်တတ်ကျွမ်းစေရန်၊ ကွန်ပျူတာနှင့် ပတ်သက်ပြီး ရင်းနှီးနားလည်စေရန်နှင့် နည်းပညာပိုင်းများ တိုးတက်မြင့်မားနေသော ICT ခေတ်တွင် Software များရေးဆွဲရာ၌ အဓိကကျသော အခြေခံ Programming အပိုင်းများကို စိတ်ဝင်စားမှု ရှိလာစေရန်တို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ICTခေတ်နှင့်အညီ အသစ်တစ်ဖန် တိုးမြင့်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် မေလတွင် သင်တန်းပြီးခဲ့သည့် ကျောင်းသားဟောင်းများအတွက် ၁၀ ရာခိုင်နှုန်း Discount ရှိကြောင်းနှင့်အလယ်တန်းကျောင်းသားများအတွက် Grammar နှင့် Special သီးသန့် သင်တန်းများလည်း သင်ယူနိုင်ရန် စီစဉ်ထားသည်။

သင်တန်းအပ်နှံလိုပါက TECH Training Centre အမှတ်(၄၁) ရန်ကုန်-အင်းစိန်းလမ်း လှည်းတန်း မီးပွိုင့်အနီး ကမာရွတ်မြို့နယ် ဖုန်း- ၇၀၅၇၀၂၊ ၅၀၅၉၈၆၊ ၅၃၉၅၃၁ တို့သို့ လာရောက်အပ်နှံနိုင်သည်။

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းတွင် ဇန်နဝါရီ ၁၃ ရက် ညနေ ၃နာရီ မိနစ် ၅၀ က ဦးဝင်းလွင်ဦး(နန္ဒဝန်ဟိုတယ် ကုမ္ပဏီလီမိတက်)သည် ကစားဖော်များဖြစ်ကြသော ဒေါက်တာစန်းယု၊ ဒေါက်တာနိုင်ဝင်း၊ ဦးဒေါင်ဇေတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ ၁၇၄ကိုက် အကွာမှ Tour Special-3 ဘောလုံးကို Mizuna Iron No-6 သံတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။

(က-ပ)

၂၀၀၃ ခုနှစ် လယ်ယာထွက်ကုန်နှစ်လည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ၂၀၀၃ခုနှစ် လယ်ယာထွက်ကုန်နှစ်လည်မဂ္ဂဇင်းကို

ပထမဆုံးအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီးဖြစ်ရာ စာရေးဆရာမကြီး စောမုံညင်း၊ မောင်ဆုရှင်၊ မောင်ပုဆိုးကြမ်း၊ ဦးဟန်ထွန်း၊ မောင်မောင်ထွန်းအောင်၊ အီကြာကွေး၊ မြမောင်မြင့်၊ ဟံသာထွန်း၊ ရွှေသဥ္ဇာ၊ ခင်လှိုင်ကြူ၊ ဆောင်းဝင်းလတ်၊ မောင်ညိုပြာ၊ သင်းသင်းသာ၊ သွန်းနှင်းအိမ်၊ ဗဂျီးကျော်၊ လေးကိုတင်၊ မောင်ခိုင်လတ်၊ ဦးမောင်မောင် (မဟာဥပဒေ)၊ မောင်တိုင်ပင်တို့၏ ဝတ္ထု ဆောင်းပါးများ၊ မအိအောင်ဝေ၊ မြင့်မိုးအောင်တို့၏ ကဗျာများနှင့် ငွေကြည်၏ အောင်နီ၊ ရွှေမင်းသား၊ မြေဇာ၊ မောင်ဝဏ္ဏ၊ သစ်ထွဏ်း၊ ဏီမူး၊ မြင့်စိုးလေး၊ ဟာကြူလီတို့၏ ကာတွန်းများဖြင့် ရသစုံစုံလင်စွာ ပါရှိပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ကျောက်တန်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

ကျောက်တန်းအထက ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

အာစရိယပူဇော်ပွဲတွင် အထက(၁)နှင့် အထက(၂)တို့၌ တစ်ဆက်တည်း လုပ်သက်ငါးနှစ်နှင့်အထက်ရှိသည့် အသက် (၆၀) နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ အဆိုပါကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ မြို့နယ်အတွင်းရှိ အမကများမှ အသက်(၇၀)နှစ်နှင့်အထက် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ သော်ကကျောင်း တည်ထောင်သည့်အချိန်မှစ၍ စေတနာဖြင့် ကူညီသင်ပြပေးခဲ့သော အသက်(၆၅)နှစ်နှင့် အထက် ပုဂ္ဂိုလ်များသည် ဦးဖေသောင်း(ကျောင်းအုပ်ကြီး၊ လားရှိုးဒီဂရီကောလိပ်၊ ၀၈၂-၂၃၁၃၃)၊ ဦးသင်းမောင် (စီးပွားရေးအကြံပေးပုဂ္ဂိုလ်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ၀၁-၆၅၂၀၆၅)၊ ဗိုလ်မှူးမောင်မောင်တင့်(ပြည်နယ်မန်နေဂျာ၊ လယ်ယာထွက်ကုန်၊ မွန်ပြည်နယ်၊ ၀၅၇-၂၄၇၂၈)၊ ဦးကြည်ညွန့်(တရားရုံးချုပ်ရှေ့နေ၊ ၀၅၆-၂၅၂၇၆)၊ ဦးပိန်း (ကထိက၊ ငြိမ်း၊ ၀၅၆-၂၅၂၈၅)၊ ဦးသောင်းရွှေ(၀၅၆-၂၅၂၇၂)၊ ဦးလှညွန့်(ဦးစီးအရာရှိ၊ သမဦးစီးဌာနရုံးချုပ်၊ ၀၁-၃၇၉၈၄၃)၊ ဒေါ်မြင့်မြင့်စီ [ကျောင်းအုပ်ဆရာမကြီး၊ အထက(၁၀) တာမွေ၊၀၁-၅၅၅၂၄၅] တို့သို့ ဇန်နဝါရီ ၃၁ ရက်အတွင်း ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မှတ်ထား ဒီဗွီဒီဇာတ်ကား ရုံတင်

ရန်ကုန် ဇန်နဝါရီ ၁၈

ယခုသောကြာပတ်တွင် မိုးကောင်းရုပ်ရှင်အတွက် ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသည့် **အိပ်မက်နတ်သမီး**ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ဆက်လက်ပြသသည်။

အိပ်မက်ပမာ ပေါ်ပေါက်လာရာမှ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် မေတ္တာဇာတ်လမ်း ဖြစ်ပေါ်လာရပုံကို ဒွေး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ သူထူးစံ၊ ပုလဲဝင်းတို့က သရုပ်ဆောင်ထားကြသည်။

မိုးကောင်းရုပ်ရှင်ထုတ်လုပ်ရေး၏ "အိပ်မက်နတ်သမီး"ဇာတ်ကားမှ ဒွေး နှင့် အိန္ဒြာကျော်ဇင်တို့ သက်ဝင်လှုပ်ရှားဟန်။

နေကမွေးတဲ့လ

အိပ်မက်နတ်သမီးမှာ ချစ်သူနှစ်ဦးကြား မထင်မှတ်ဘဲ ချစ်ခင်နှစ်သက်ဖွယ် မိန်းမချောကလေး

ဒါရိုက်တာမီးပွား ရိုက်ကူးသည့် "မှတ်ထား" အဆင့်မြင့် ဒီဗွီဒီ ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့၏ ဇာတ်ဝင်ခန်း။

မေတ္တာရောင်ပြန်ရုပ်ရှင်အတွက် ဒါရိုက်တာမောင်တင်ဦး ရိုက်ကူး၍ ကျော်ဟိန်း၊မင်းမော်ကွန်း၊အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ ပါဝင်သည့် **နေကမွေးတဲ့လ** မေတ္တာတရားနှင့် တေးဂီတ သရုပ်ဖော် ဇာတ်ကား ရှေ့ဆောင်ရုံနှင့် နဝဒေးရုံ၌ ဆက်လက် တင်ပြနေသည်။

သည်းထိတ်ရင်ဖိုဇာတ်ကား

နေပြည်တော်ရုံ၌ ဆော့ဖ်ဝဲနှင့် ဂြိုဟ်တုဆက်သွယ်ရေး စနစ်တို့ကို အသုံးပြု၍ လူသတ်မှုကျူးလွန်နေသော ညီအစ်မနှစ်ယောက်နှင့် အမျိုးသမီးစုံထောက်တို့ အပစ်အခတ်များဖြင့် ယှဉ်ပြိုင်ကြပုံကို သည်းထိတ်ရင်ဖိုရိုက်ကူးထားသော SO CLOSE အမည်ရှိ နိုင်ငံခြားဇာတ်ကား ရုံတင်လာသည်။ ကိုရီးယားမင်းသား SONG SEUNG HUN (ဂျွန်စော) ပါဝင်သရုပ်ဆောင်ထားသည်။

မှတ်ထား ဒီဗွီဒီ ဇာတ်ကားသစ်

ယခုသောကြာပတ်တွင် ရုပ်ရှင်ဇာတ်ကားကြီးများနှင့် အပြိုင် အိတ်ဆဲလင့် ဗီဒီယိုမှ ဒါရိုက်တာမီးပွားရိုက်ကူးသည့် **မှတ်ထား** အဆင့်မြင့် ဒီဗွီဒီဇာတ်ကား ရွှေဂုန်၊ စံပြ၊ သီတာရုံများ၌ ရုံတင်လာသည်။ ရန်အောင်၊ ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ပါဝင်၍ ဟာသနှင့် ဘဝဒဿန ဇာတ်ကားအဖြစ် ကြည့်ကြရမည်။

အိန္ဒိယဇာတ်ကားသစ်

ဆက်လက်၍ အိန္ဒိယဇာတ်ကားသစ်ဖြစ်သော Deewangee အမည်ရှိ တေးဂီတနှင့် အချစ်ဇာတ်ကား မြို့မရုံတွင်တင်ဆက်ပြသနေသည်။ အာဂျေး၊ အရှစ်ကန်နား၊ အူမီလာတို့ သရုပ်ဆောင်များ ပါဝင်ကြသည်။

ညွှန်းစာဖွဲ့လို့မမီ

ဒါရိုက်တာ ဝါဝါဝင်းရွှေ၏ **ညွှန်းစာဖွဲ့လို့မမီ** ဇာတ်ကားမှာ ဆုထူးပန်၊ ရွှေမန်း၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများ၌ ပြသဆဲရှိသည်။ ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ လူမင်း၊ ထက်ထက်မိုးဦး၊ ဝါဇင်၊ စိုးမြတ်နန္ဒာတို့ သရုပ်ဆောင်ကြသည်။

ဆက်လက်ပြသ

ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ သရုပ်ဆောင်သည့် ဟာသအချစ်ဇာတ်ကား **အမုန်းပြိုင်ပွဲ** တပင်ရွှေထီးရုံ၌ ပြသနေပြီး လူမင်း၊ ရာဇာနေဝင်း၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာတို့သရုပ်ဆောင်သော **ရွှေမှုန်ကြဲတဲ့မိုးကောင်းကင်** ဇာတ်ကား သာကေတ မြရတနာရုံ၌ ပြန်လည်ပြသနေသည်။

(ကြေးမုံ)

မြို့မရုံတွင် တင်ဆက်သော DEEWANGEE ဇာတ်ကားမှ သရုပ်ဆောင်ဟန်။

မွေးနေ့ဆုတောင်း

ယနေ့တွင်ကျရောက်သော ချစ်ဖေဖေ **ဦးတင့်ဆွေ**၏ အသက်(၈၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းလျက်-။

ချစ်သားသမီးများ-

ဦးခင်ဇော် (Myawaddy-T.V)-ဒေါ်ဝင်းဝင်းချို (LL.B)
Patrick Myo Minn˚ B.Sc (Geol:1975-80)-Nancy Lee Ghi
ပိုပိုမြင့်-(B.A Myanmar)
မြေး-သက်ထားရွှေစင် အထက(၄)၊ တာမွေ
တူမ-နွယ်နီအေး (B.Sc, Chem;)

DESIGN SPAZIO (SINGAPORE), a joint venture with DOMUS ACADEMY (ITALY), is having a workshop on Industrial Design.To find out more about Industrial Design and Further your Study at DESIGN SPAZIO (SINGAPOER), come and meet our representatives at the following seminar.

Venue˚:˚Traders HotelYA(NGON)
Date ˚:˚24th Jan 2004(Saturday)
Time ˚:˚09:00 to 11:00

သမဝါယမဝန်ကြီးဌာန

သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄

ပုလဲရတုဆုတောင်းလွှာ

ဝါးခယ်မမြို့နေ ဖေဖေ **ဦးမြင့်ဦး**-မေမေ **ဒေါ်သန်းသန်းနွဲ့**တို့၏ ၁၉-၁-၂၀၀၄နေ့တွင် ကျရောက်သည့် နှစ်(၃၀)မြောက် (ပုလဲရတုသဘင်) ဆင်နွှဲသည့် အတိုင်း သမီး၊ သားများနှင့် နှစ်ပေါင်းများစွာအတူတကွပျော်ရွှင်ချမ်းမြေ့လျက် ဆင်နွှဲနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီး	**- မအိရတနာမြင့်ဦး-ကိုအောင်မော်လင်း**
သားကြီး	**- မောင်ထွန်းထွဋ်ဦး (ထွဋ်ထွဋ်)**
သားလတ်	**- မောင်သော်ဇင်ဦး (သော်သော်)**
သားငယ်	**- မောင်ကောင်းထက်ဦး(ထက်ထက်)**
သားငယ်လေး	**- မောင်ကောင်းပြည့်စုံမြင့်ဦး(ပြည့်ပြည့်)**
မြေးမလေး	**- ဝိုင်းအုံချစ်(ဝိုင်းဝိုင်း)။**

ထူးကြီးအသင်း(ရန်ကုန်)ဖွဲ့စည်းခြင်း

ထူးကြီးအသင်း(ရန်ကုန်)ဖွဲ့စည်းခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ရန်ကုန်နှင့် အခြားမြို့ရွာများတွင် ရောက်ရှိနေသော ဒေသသူ၊ ဒေသသားများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဦးမြင့်သိန်း	**ဦးမျိုးသန့်**	**ဦးဇော်ရွှေ**
ဖုန်း-၂၉၃၀၅၆၊ ၂၀၃၃၁၄	**ဖုန်း-၂၉၇၆၄၂**	**ဖုန်း-၂၀၀၃၆၀**
ဦးလှငွေ	**ဦးထွန်းငွေ**	**ဦးလှရွှေ**
ဖုန်း-၅၃၇၈၀၉	**ဖုန်း-၇၂၁၄၀၆**	**ဖုန်း-၆၆၀၀၁၀**
ဦးနေလင်း(မန္တလေးမြို့)	**ဦးမြင့်ဝေ**	**ဒေါ်ယဉ်ယဉ်ရွှေ**
၀၂-၈၀၄၃၄	**ဖုန်း-၇၀၉၂၃၇**	**ဖုန်း-၇၂၂၀၁၅**
၀၉၂၀၀၀၅၆၅၊ ၀၉၉၀၆၁၀၄၆။		

ရောင်းရန်

ဖမိုင်၊ ဓမ္မာရုံလမ်း၊ ဘိုးဘွားပိုင်၊ (၀ ဒသမ ၀၇၉)ဧက၊ နှစ်ထပ် R.C. 4MBR,AC Ph၊ ရေ၊ မီး အသင့်ရောင်းရန်။ **ဖုန်း-၅၂၇၃၅၂။**

RUBY CarRental 725317,650823
24, hr

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ

542311 09-5002003

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

တော်ဝင်မိသားစုကုမ္ပဏီ ၏ **နာယကကြီး ဦးသာခင်** အား နိုင်ငံတော်က **သီရိသုဓမ္မမဏိဓဇာတာရေအွဲ့ ဝံဆိပ်တော်** ချီးမြှင့်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းတိုင်းအောင်မြင်ပြီး လူမှုအကျိုးများကို ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
ဒါရိုက်တာများနှင့်
ဝန်ထမ်းများ
တော်ဝင်မိသားစုကုမ္ပဏီ

Yan Aung

ROYAL ARROW
CAR RENTAL
211485,212193

အမြန်ရောင်းမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(EXPORT EARNING)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂၆)ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့်ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ် (၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

VCD Karaoke

ကားစီးလုံးငှားသည်
CRANE
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်သည်
538535,708569, 09-5002018

Presented by
Swiftwinds Services Co., Ltd.

Paw Oo Thett
(1936-1993)
His Life and His Creativity

Text and Translation by Ma Thanegi

Distribution by Echo Media

MCC Business & Commercial Studies
Business English Course

သန်းဌေးနှင့် ရောင်းရင်းများ
Air Bag Express

Imperial Fruit Group

22-1-2004 မှ 27-1-2004 ထိ

Power-C Cordial, Syrup

-01-690264, 09 200 3679

Ph: 01-240570

Air-con Bus, Restaurant & Hotel
No.274, Pansodan St.(Upper Block), Ph:378547, 381327

MT&K Tourism Co., Ltd.
(Jan - 30/Feb - 12) 5 AM
(Jan - 30/Feb - 12) 7 PM
Feb - 12) 6AM Feb - 12) 1 PM
Ph:663161, 666228, 09-2042015, 09-5016957

MYANMAR RYOKO

(TV,VIDEO ,AIR-CON,EXPRESS)
Hotel Guest House
Ph: 380151, 371352 , 371353

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၁/ ၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော်(၂)ရက်
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၈ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ်၊ (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့် သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၁၂)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ (သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊ အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၁၂)ရက်မှ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလ(၁၁)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

